အခန်း (၆)

မျက်မှောက်ခေတ်စာကြည့်တိုက်အမျိုးအစားများ

၁။ အမျိုးသားစာကြည့်တိုက်၏ သဘာဝ

အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတစ်နိုင်ငံ၏ အထွတ်အထိပ်၊ အဆင့်အမြင့်ဆုံး စာကြည့်တိုက်ဖြစ်သည်။ နိုင်ငံအကြောင်းအရာ၊ အချက်အလက်များကို အပြည့်အစုံထားရှိသည်။ တစ်မျိုးသားလုံး၏ စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းထားရှိခြင်းကြောင့် အမျိုးသားစာကြည့်တိုက်ဟု ခေါ် ဆိုခြင်းဖြစ်သည်။ အချို့နိုင်ငံများတွင် ဝေါဟာရကွဲပြားသည်။ စာကြည့်တိုက်နယ်ပယ်ဗဟိုအချက်အချာဖြစ်သောကြောင့် ဗဟိုစာကြည့်တိုက်ဟုလည်းခေါ် သည်။ နိုင်ငံ၏သမိုင်းကြောင်းကိုအခြေခံကာ အချို့နိုင်ငံများတွင် တစ်ခုတည်းရှိသော်လည်း အချို့နိုင်ငံများတွင်မူ စာကြည့်တိုက်ခွဲနှစ်ခု၊ သုံးခုတည်ရှိပါသည်။

အမျိုးသားစာကြည့်တိုက်၏ရည်ရွယ်ချက်မှာ –

(၁) နိုင်ငံအတွင်း ထုတ်ဝေသမျှ စာအုပ်စာတမ်းများကို စုဆောင်းထိန်းသိမ်းထားရှိရန်၊

(၂) နိုင်ငံတကာမှ မိမိနိုင်ငံအကြောင်း ရေးသားထားရှိသော စာအုပ်စာတမ်းများကို စုဆောင်းထားရှိရန် ဖြစ်ပါသည်။

မိမိနိုင်ငံနှင့်စပ်လျဉ်း၍ ပြည်သူလူထုတစ်ရပ်လုံး၏ မှီခိုအားထားရာ စာပေဗိမာန်ကြီးတစ်ခုအဖြစ်ရပ်တည်နေခြင်းကြောင့် နိုင်ငံတိုင်းတွင် အမျိုးသားစာကြည့်တိုက်သည် အထူးအခွင့်အရေးတစ်ရပ်ကို ရရှိလေသည်။ ထိုအခွင့်အရေးမှာ နိုင်ငံအတွင်းထုတ်ဝေသမျှ စာအုပ်၊ စာတမ်း၊ စာရွက်အစရှိသည်များကို အနည်းဆုံးတစ်အုပ်ကျစီ အမျိုးသားစာကြည့်တိုက်သို့ ပေးပို့ရန် ပုံနှိပ်တိုက်ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ အမျိုးသားစာကြည့်တိုက်သည်လည်း အထက်ပါ

F .9A

အခွင့်အရေးအရ နိုင်ငံအတွင်း ထုတ်ဝေသမျှသောစာအုပ်စာတမ်း တစ်အုပ်ကျစီရရှိစုဆောင်းနိုင်ပါသည်။

ဤဥပဒေသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံကွဲပြားခြားနားမှုရှိသည်ကို တွေ့ရှိရသည်။ အဘယ်ကြောင့်ဆိုသော် တရုတ်၊ နယူးဇီလန်၊ ပါကစ္စတန်၊ သီဟိုဠ်၊ ဟောင်ကောင်၊ ဩစတြေးလီယားနှင့် အိန္ဒိယနိုင်ငံတို့တွင် တစ်အုပ်ကျစီပြဋ္ဌာန်းထားပါသည်။

ဗီယက်နမ်၊ ယိုးဒယား၊ လာအိုနှင့် အီရန်တို့တွင်မူ နှစ်အုပ်စီရရှိပါသည်။ မလေးရှားနှင့် မွန်ဂိုးလီးယားတို့တွင် သုံးအုပ်စီရရှိ၍ စင်္ကာပူ၊ ဂျပန်နှင့် ဖိလစ်ပိုင်တို့တွင် ခြောက်အုပ်စီဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်သည် နိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော အမျိုးသားစာပေများကို ကျောင်းသူ၊ ကျောင်းသား၊ လုပ်သားပြည်သူများ၊ သုတေသီပညာရှင်များ အချိန်မရွေးလေ့လာဖတ်ရှုရန် ထိန်းသိမ်းထားရခြင်းဖြစ်၍ အမျိုးသားစာကြည့်တိုက်သို့ ရောက်ရှိသမျှစာအုပ်စာတမ်းများကို ပြင်ပသို့ ထုတ်မငှားပေ။ စာကြည့်တိုက်အတွင်း၌သာ လေ့လာဖတ်ရှု၊ သုတေသနပြုခွင့်ရှိပါသည်။

အမျိုးသားစာကြည့်တိုက်တို့မည်သည် စာကြည့်တိုက်သို့ ရောက်ရှိလာသမျှ စာအုပ်စာတမ်းများကို မပျောက်ပျက်စေရန် ရည်ရွယ်၍ အခြားသော စာကြည့်တိုက်များနည်းတူ ပြင်ပသို့ ထုတ်ယူငှားရမ်းခွင့်မပြုဘဲ စာကြည့်တိုက်အတွင်း၌သာ ဖတ်ရှုလေ့လာရခြင်းဖြစ်ပါသည်။ နိုင်ငံအတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများ မပျောက်မပျက်စုံလင်စွာ ရှိနေစေရန်ဖြစ်သည်။

ဤစည်းကမ်းချက်ထားရှိခြင်း၏အကျိုးကျေးဇူးမှာ နိုင်ငံအတွင်းထုတ်ဝေသော စာအုပ်တစ်အုပ်သည် မည်သည့်စာကြည့်တိုက်မှ ရှာဖွေမရခဲ့ပါမူ အမျိုးသားစာကြည့်တိုက်၌ လာရောက်ရှာဖွေ ဖတ်ရှုနိုင်ခြင်းပင်ဖြစ်ပါသည်။

စာကြည့်တိုက်၏သဘောသဘာဝအရ နိုင်ငံအတွင်းထုတ်ဝေသမျှသော စာအုပ်စာတမ်းများ စုစည်းထိန်းသိမ်းထားရာဌာနဖြစ်သောကြောင့် အမျိုးသားစာပေါင်းစုကို ထုတ်ဝေကြပါသည်။

အမျိုးသားစာကြည့်တိုက်က ပြည်သူကို အကျိုးပြုရာ၌ အမျိုးသားစာပေါင်းစုသည် များစွာ အထောက်အကူပေးသည်။ အမျိုးသား စာပေါင်းစုဆိုသည်မှာ မိမိနိုင်ငံအတွင်း ထွက်သမျှစာပေ၊ ဂျာနယ်၊ မဂ္ဂဇင်းအစရှိသဖြင့် စာအုပ်စာတမ်းများကို နှစ်အလိုက် ဘာသာရပ်ခွဲခြား၍ စာရင်းပြုစုခြင်းပင်ဖြစ်ပါသည်။ မိမိနိုင်ငံအတွင်း၌ မည်သည့်နှစ်က မည်ကဲ့သို့သော စာအုပ်များထွက်ပေါ်ခဲ့သည်။ ထုတ်ဝေခဲ့သည်တို့ကို လွယ်ကူစွာသိရှိနိုင်ပေသည်။

မြန်မာနိုင်ငံတွင် အမျိုးသားစာပေါင်းစု ထုတ်ဝေခြင်းကို အခြေအနေအကြောင်းအမျိုးမျိုးကြောင့် အမျိုးသားစာကြည့်တိုက်က ယနေ့တိုင်မဆောင်ရွက်နိုင်သေးပါ။

အမျိုးသားစာကြည့်တိုက်၏တာဝန်သည် အမျိုးသားစာပေကိုသာမက တစ်မျိုးသားလုံး၏ ယဉ်ကျေးမှုအမွေအနှစ်များကိုပါ ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်သောကြောင့် အမျိုးသားစာကြည့်တိုက်နှင့် ပြတိုက်ကို ပူးတွဲထားလေ့ရှိပါသည်။ ထို့ကြောင့် အမျိုးသားစာကြည့်တိုက်သည် အမျိုးသားစာပေများ မပျောက်ပျက်စေရန်၊ အချိန်မရွေးလာရောက်ကိုးကားနိုင်ရန် ထိန်းသိမ်းထားရှိခြင်းဖြင့်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုအစုစုတို့ကို စုဆောင်းထိန်းသိမ်းခြင်းအားဖြင့်လည်းကောင်း တစ်မျိုးသားလုံး၏ဂုဏ်ကို မြှင့်တင်ကာ ပြည်သူလူထုတစ်ရပ်လုံးအားအကျိုးပြုလျက်ရှိပါသည်။

အမျိုးသားစာကြည့်တိုက်

၁၉၅၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ဘားနဒ်စာကြည့်တိုက်ကို နိုင်ငံတော်စာကြည့်တိုက် (အမျိုးသားစာကြည့်တိုက်) အဖြစ် အမည်ပေး၍ ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ယဉ်ကျေးမှုဌာနခွဲ ယဉ်ကျေးမှုကောင်စီအောက်တွင်ထားရှိသည်။

အမျိုးသားစာကြည့်တိုက်၏အသွင်သဏ္ဌာန်အမျိုးမျိုး

ဂျူဗလီခန်းမတွင် အမျိုးသားစာကြည့်တိုက်လုပ်ငန်းကို ပြုစုပျိုးထောင်လာခဲ့သော်လည်း နေရာအခက်အခဲကြောင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်မှုမရှိခဲ့ပေ။ ၁၉၅၂ ခုနှစ်၊ ဇွန်လမှ ၁၉၆၂ ခုနှစ်၊ ဇွန်လအထိ ဆယ်နှစ်တိုင်တိုင် ဂျူဗလီခန်းမတွင် အမျိုးသားစာကြည့်တိုက်သည် အမျိုးသားပြတိုက်နှင့်သာမက အခြားဌာနများနှင့်ပါအတူစုပေါင်းပြီး တည်ရှိခဲ့သည်။ ထိုမှတစ်ဖန် တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် အမျိုးသားစာကြည့်တိုက်ကို ပန်းဆိုးတန်းလမ်းရှိ တိုက်အမှတ် ၁၆၆ (ဒုတိယနှင့် တတိယထပ်များ) သို့ရွှေ့ပြောင်းခဲ့ရပြန်သည်။

ပန်းဆိုးတန်းတိုက်တွင် (၂) နှစ်ကြာမျှတည်ရှိခဲ့စဉ် စာကြည့်တိုက်ကို စနစ်တကျပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းကာ ၁၉၆၅ ခုနှစ်၊ နှစ်ဦးပိုင်းတွင် မြူနီစီပယ်အဆောက်အအုံ (တတိယထပ်) တောင်ဘက်နှင့် အနောက်ဘက်ရှိအခန်းများတွင် အများပြည်သူ၊ လူရဟန်းနှင့် သုတေသီများအတွက် ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။[၁] ၁၉၈၄ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက်ကို မြို့တော်ခန်းမမှ ကမ်းနားလမ်းရှိ ခြောက်ထပ်ရုံးပထမထပ်နှင့် ဒုတိယထပ်များသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်သည် ကင်းဝန်မင်းကြီး ပိဋကတ်တိုက်၊ ပုဂံဝန်ထောက် ဦးတင် ပိဋကတ်တိုက်နှင့် ဘားနဒ်ပိဋကတ်တိုက်တို့၏ စုဆောင်းမှုကိုအခြေခံ၍ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

၁။ အမျိုးသားစာကြည့်တိုက် (ရန်ကုန်၊ ယဉ်ကျေးမှုဌာန၊ အမျိုးသားစာကြည့်တိုက် ၁၉၆၅, စာ ၃ – ၄။

မြန်မာနိုင်ငံအမျိုးသားစာကြည့်တိုက်ကြီးသည် ၁၉၉၄ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်အသင်း (အိုင်အက်ဖ်အယ်လ်အေ) အဖွဲ့ကြီးသို့ အဖွဲ့ဝင်အဖြစ် ဝင်ခွင့်ရရှိခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတကာစာကြည့်တိုက်အင်္ဂါရပ်နှင့် ပြည်တွင်းပြည်ပစာကြည့်တိုက်ရေးရာအပြင် ပညာပြန့်ပွားတိုးတက်ရေးအတွက် တတ်အားသမျှ ကျရာကဏ္ဍမှပါဝင်ကူညီလျက်ရှိပါသည်။

အမျိုးသားစာကြည့်တိုက်သည် အခြားစာကြည့်တိုက်များနှင့် သဘာဝ၊ အမျိုးအစား၊ အကျယ်အဝန်းချင်းမတူပေ။ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၏ပင်မသဖွယ်ပင်ဖြစ်သည်။

ရည်ရွယ်ချက်နှင့် လုပ်ငန်းများ

အမျိုးသားစာကြည့်တိုက်သည် မည်သည့်အကြောင်းအရာအချက်အလက်မဆို ရှာနိုင်ဖွေနိုင်သည်။ စုနိုင်အောင်ဖန်တီးပေးနိုင်သောဌာနဖြစ်သည်။ အမျိုးသားစာပေကို ထိန်းသိမ်းပေးရာဌာန၊ သုတေသီများ သုတေသနပြုနိုင်သောဌာန၊ စာပေနှင့် ပြည်သူလူထုကို ဆက်သွယ်ပေးရာဌာနဟုခေါ် ဆိုနိုင်ပါသည်။ ဤစာကြည့်တိုက်မျိုးသည် မည်သည့်နိုင်ငံတွင်မဆို နိုင်ငံ၏တစ်ခုတည်းသောစာအပြည့်စုံဆုံးသော စာကြည့်တိုက်မျိုးဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။

အမျိုးသားစာကြည့်တိုက်၏လုပ်ငန်းများမှာ –

(၁) ပြည်တွင်းထုတ်ပုံနှိပ်စာ၊ လက်ရေးစာစုအားလုံး၊

(၂) ပြည်ပထုတ် မြန်မာနိုင်ငံအကြောင်းဆိုင်ရာစာစုအားလုံး၊

(၃) မြန်မာနိုင်ငံအကြောင်းဆိုင်ရာ မိုက်ကရိုဖလင်နှင့် မိုက်ကရိုကတ်ပြားများအားလုံး၊

(၄) ပြည်ပထုတ်ပညာရပ်အမျိုးမျိုးဆိုင်ရာ သင့်လျော်သမျှတို့ကို စုဆောင်းထိန်းသိမ်းခြင်း၊ စနစ်တကျပြုလုပ်ငှားရမ်းခြင်း၊

(၅) အမျိုးသားစာအုပ်စာရင်းကို ပြုစုထုတ်ဝေခြင်း၊

(၆) အမျိုးသားစာပေါင်းကက်တလောက်ကို စုဆောင်းထားရှိခြင်း၊

(၇) စာကြည့်တိုက်အချင်းချင်း ဆက်သွယ်ငှားရမ်းရေးကို ပြုလုပ်ပေးခြင်း၊

(၈) စာကြည့်တိုက်နှင့်ပတ်သက်သောကိစ္စရပ်များကို ရှေ့ဆောင်ရှေ့ရွက်ပြုကာ အကူအညီပေးခြင်းတို့ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်တွင် အများပြည်သူတို့အသုံးပြုရန် စာကြည့်ခန်းများကို အောက်ပါအတိုင်းခွဲခြားထားသည်။

(က) အထွေထွေစာဖတ်ခန်း

(ခ) စာနယ်ဇင်းစာဖတ်ခန်း

(ဂ) ပေစာပုရပိုက်စာဖတ်ခန်း

စာအုပ်များကိုအလွယ်တကူရှာဖွေတွေ့ရှိနိုင်ရန် –

(က) စာရေးသူကတ်တလောက်

(ခ) စာအုပ်အမည်ကတ်တလောက်

(ဂ) ပညာရပ်ကတ်တလောက်အစရှိသဖြင့် ခွဲခြားထားသည်။

အမျိုးသားစာကြည့်တိုက်တွင် စာကြည့်တိုက်ဆိုင်ရာလုပ်ငန်းများနှင့် ပုရပိုက်၊ လက်ရေးစာမူ ပုံနှိပ်စာ၊ ကွန်ပျူတာမိတ္တူကူး ကော်ပီယာအစရှိသည်တို့ကို ဌာနငယ်များခွဲခြား၍ ပြုလုပ်လျက်ရှိပါသည်။ နှစ်လွှန်သတင်းစာခန်း၊ ပေစာခန်း၊ စာနယ်ဇင်းအခန်း၊ အထွေထွေစာဖတ်ခန်း၊ စာအုပ်စင်ခန်း၊ စာကြည့်တိုက်လုပ်ငန်းအတွက် စာပြုဌာနစိတ်၊ စာကြည့်တိုက်မှူးရုံးနှင့် စာစုဌာနစိတ်၊ စာပြုဌာနစိတ်၊ ကွန်ပျူတာခန်းနှင့် ကော်ပီယာခန်း၊ ပေပုရပိုက်ပြုပြင် ထိန်းသိမ်းရေးခန်းဟူ၍ ရှိပါသည်။

စာပြုလုပ်ငန်း

စာအုပ်များကိုကတ်တလောက်ပြုရာတွင် (အေအေစီအာရ် –၁)၊ (အေအေစီအာရ် –၂) ကိုအသုံးပြုသည်။ မျိုးတူပြုစုရာ၌ (ဒီဒီစီ) ကိုသုံးစွဲသည်။ စာအုပ်များကို တိုက်ပိုင်နံပါတ်နှင့် စီ၍ ထုတ်ဝေသည့်နှစ်လည်းဖော်ပြထားသည်။

ဥပမာ – ၁၉၉၁ / ၁၀၀

ခုနှစ် / တိုက်ပိုင်အမှတ်

ဖွဲ့စည်းပုံ

စာကြည့်တိုက်မှူးကြီးတစ်ဦး	၁ ဦး
စာကြည့်တိုက်မှူး	၃ ဦး
လက်ထောက်စာကြည့်တိုက်မှူး	၄ ဦး

စုစုပေါင်းဝန်ထမ်း (၄၂) ယောက်ရှိသည်။

ဘဏ္ဍာရေး

၁၉၉၂ – ၉၃ ခုနှစ် ခွင့်ပြုငွေ သာမန်အသုံးစရိတ် ၄၀၆၂၀၀၊ စာအုပ်စာနယ်ဇင်းဖိုး ၄၀၀၀၀ ပါဝင်ပါသည်။ ငွေလုံးငွေရင်း ၁၀၂၈၆၀၊ စာအုပ်ဖိုး ၈၀၀၀၀ ပါဝင်ပါသည်။

၁၉၉၃ – ၉၄ ခုနှစ်၊ ခွင့်ပြုငွေ

သာမန်အသုံးစရိတ်	၅၄၉၇၆၀ ကျပ်
စာနယ်ဇင်းဖိုး	၆၈၅၀၀ ကျပ်
ငွေလုံးငွေရင်း	၁၉၈၅၁၀ ကျပ်
စာအုပ်ဖိုး	၁၀၀၀၀၀ ကျပ်

ယခုအခါ နိုင်ငံတော်အစိုးရက ကြီးမှူး၍ ကျိုက္ကဆံ စီမံကိန်းဒေသတွင် သီးသန့်အဆောက်အအုံဆောက်ရန် အမျိုးသားစာကြည့်တိုက်၏ ဗိသုကာပုံစံငယ်ထုတ်လုပ်ပြီး ပန္နက်တင်မင်္ဂလာပြုရန် ပြင်ဆင်လျက် ရှိသည်ဟုသိရှိရပါသည်။ (၇) ထပ်ခွဲပါ အဆောက်အအုံသစ်ကို တာမွေမြို့နယ်၌ ၁၇ ဧက ကျယ်ဝန်းသော မြေနေရာ၌ ဆောက်လုပ်မည်ဖြစ်ပါသည်။ နောင်နှစ်ပေါင်း ၅၀ စာအုပ်စာတမ်းများ စုဆောင်းမှုအတွက် ဖြစ်သည်ဟုသိရပါသည်။

၂။ တက္ကသိုလ်စာကြည့်တိုက်

တက္ကသိုလ်စာကြည့်တိုက်ကို တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ပညာရပ်များ လေ့လာဆည်းပူးရာတွင် အလွယ်တကူရည်ညွှန်းကိုးကားနိုင်ရန်နှင့် တက္ကသိုလ်ဆရာ၊ ဆရာမများ ပညာပို့ချရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ ထို့ပြင် ပညာရှင်၊ သုတေသီများ အသုံးပြုရန်နှင့် သုတေသနပြုရေးကိုလည်း အလေးပေးဆောင်ရွက်ပါသည်။ နိုင်ငံတစ်နိုင်ငံတွင် သုတေသနလုပ်ငန်းသည် အလွန်အရေးပါပါသည်။ ထို့ကြောင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၏သုတေသနလုပ်ငန်းများအတွက် စာအုပ်စာတမ်းများ ရှာဖွေဝယ်ယူထားရှိခြင်းဖြင့် အကူအညီပေးပါသည်။

တက္ကသိုလ်စာကြည့်တိုက်များသည် နောင်တစ်ခေတ်တွင် တာဝန်သိသော၊ ပညာဗဟုသုတကြွယ်ဝသော လုပ်သားပြည်သူများဖြစ်ရန် ပြုစုပျိုးထောင်သည့် အသံတိတ်ပညာသင်ဆောင်ဖြစ်သည်။ သုတေသနပြုလိုစိတ်၊ ရှာဖွေစူးစမ်းလိုသောစိတ်များပေါ်ပေါက်စေရန်၊ ပွားများစေရန် လမ်းညွှန်သည့်နေရာဖြစ်သည်။

တိုးတက်သောနိုင်ငံကြီးများမှ တက္ကသိုလ်စာကြည့်တိုက်များသည် မိမိတို့လုပ်သားပြည်သူတို့၏ အကျိုးငှာ၊ ဘာသာရပ်တစ်ခုခု သို့မဟုတ် အကြောင်းအရာတစ်ရပ်ရပ်ကိုဦးစားပေး၍ စာအုပ်စာတမ်းများ စုဆောင်းလေ့ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း အလားတူပင် ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်ကို တက္ကသိုလ်စာကြည့်တိုက်များက စီမံကိန်းချပြီး ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သည် အရှေ့တောင်အာရှသမိုင်းနှင့် မြန်မာနိုင်ငံသမိုင်းဆိုင်ရာ စာအုပ်စာတမ်းများကို အလေးပေး၍ စုဆောင်းလျက်ရှိပါသည်။

တက္ကသိုလ်စာကြည့်တိုက်သည် ပညာရှာမှီးလိုသူ သုတေသီများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် လုပ်သားပြည်သူများအတွက် ပညာတန်ဆောင်မီးရှူးရောင်ကြီးတစ်ခုပင်ဖြစ်သည်။ တက္ကသိုလ်တစ်ခု၏ ဦးနှောက်နှင့် အသည်းနှလုံးသည် စာကြည့်တိုက်ပင်ဖြစ်သည်။

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သည် ရန်ကုန်တက္ကသိုလ်အတွက် အဓိကဖြစ်သော်လည်း အခြားတက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများကလည်း အသုံးပြုနိုင်ပါသည်။ ထို့ထက်မက တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်အစိုးရဌာနများနှင့် ပြင်ပမှ သုတေသီများကလည်း အသုံးပြုလျက်ရှိပါသည်။

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်

ရန်ကုန်တက္ကသိုလ်နယ်မြေတွင် ယူနီဗာစီတီကောလိပ်စာကြည့်တိုက်၊ ယုဒသန်ကောလိပ်စာကြည့်တိုက်၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ဟူ၍ စာကြည့်တိုက် (၃) ခုရှိခဲ့သည်။ ကောလိပ်

စာကြည့်တိုက် (၂) ခုသည် သင်ကြားရေးကို အထောက်အကူပြုရန် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှာမူ သီးခြားအဆောက်အအုံဖြစ်သည်။[၂]

နောက်ခံသမိုင်း

၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ကို စတင်တည်ထောင်ခဲ့သည်။ သင်ကြားရေးအထောက်အကူပြုရန် ယူနီဗာစီတီကောလိပ်စာကြည့်တိုက်နှင့် ယုဒသန်ကောလိပ်စာကြည့်တိုက် (၂) ခု ဖွင့်ခဲ့သည်။

ရန်ကုန်မြို့ဆိပ်ကမ်းလုပ်သားများ ကန်ထရိုက်တာ မစ္စတာ ရာမာနာသာရက်ဒီယာသည် ၁၉၂၇ ခုနှစ်တွင် တက္ကသိုလ်စာကြည့်တိုက်ဆောက်ရန် ကျပ်ငွေဒင်္ဂါး ၂ သိန်းလှူဒါန်းခဲ့၏။

၁၉၂၇ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့တွင် တက္ကသိုလ်အဓိပတိဆာဟာကုတ်ဘတ္တလာသည် စာကြည့်တိုက်ကို အုတ်မြစ်ချခဲ့သည်။ ၁၉၂၈ ခုနှစ်၊ မတ်လ၌စာကြည့်တိုက်ကို အုပ်ချုပ်ရန် ကော်မတီတစ်ခုဖွဲ့စည်းခဲ့သည်။ တက္ကသိုလ်စာကြည့်တိုက်ကို ဗိသုကာတီအိုဖော်စတာက ပုံစံဆွဲသည်။ ၁၉၃၁ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးသည်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို သုတေသီများအတွက်တည်ထောင်ခဲ့ရာ စစ်ကြိုခေတ်က မြန်မာမှုနှင့်ပတ်သက်၍ကမ္ဘာပေါ်တွင် အစုံအလင်ဆုံး စာကြည့်တိုက်တစ်ခုဟူ၍လည်းကောင်း၊ အရှေ့တောင်အာရှတိုက်တွင် အကောင်းဆုံးစာကြည့်တိုက်ဟူ၍လည်းကောင်း၊ သုတေသီများ၏ အသိအမှတ်ပြုခြင်းကိုခံရပါသည်။ စစ်ကြိုခေတ်က ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၌ မြန်မာမင်းများ၏စစ်တန်းပေအစုပေါင်းထောင်ကျော်ရှိခဲ့ပါသည်။ မြန်မာရာဇဝင်အထောက်အထားများပါရှိသည့် အလွန်ရှားပါးသောတရုတ်ကျမ်းပေါင်း ၂၀၀၀၀ ကျော်၊ တရုတ်ဘာသာ၊ တိဗက်ဘာသာ၊ ယိုးဒယား၊ သီဟိုဠ်၊ ပါဠိဘာသာတို့ဖြင့်ရေးသားပြုစုထားသည့်ပိဋကတ်သုံးပုံကျမ်းများ၊ မြန်မာနိုင်ငံတွင် ပုံနှိပ်ထုတ်သောမြန်မာပါဠိ၊ မွန်စာအုပ်များနှင့် အိမ်နီးချင်းနိုင်ငံများနှင့်ပတ်သက်သည့်စာအုပ်များ၊ ဂျာနယ်စာစောင်အစုံပေါင်းမြောက်မြားစွာရှိခဲ့ပါသည်။[၃]

စစ်ပြီးခေတ်တွင်မူ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တစ်ခုသာ သင်ကြားရေးအထောက်အကူစာအုပ်စာတမ်းများ၊ သုတေသီများအတွက် ဖွင့်လှစ်ခဲ့သည်။

၂။ တိုက်စိုး။ စာကြည့်တိုက်ပြန်လည်ထူထောင်ခြင်း။ ဆရာဇော်ဂျီအမှတ်တရစာစုများ (ရန်ကုန်၊ လင်းလင်းစာပေ၊ ၁၉၉၄) စာ – ၂၂။

၃။ "တက္ကသိုလ်စာကြည့်တိုက်"။ ရန်ကုန်တက္ကသိုလ်နှစ် ၅၀ အစီရင်ခံစာ ၁၉၇၀။ စာ –၁၂။

စနစ်သစ်တက္ကသိုလ်ပညာရေးကို ၁၉၆၄ ခုနှစ်တွင် စတင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကိုလည်း တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်အဖြစ် ပြောင်းလဲခဲ့သည်။

၁၉၇၉ ခုနှစ်တွင် ကျပ် ၆၄ သိန်းကျော်တန် တိုးချဲ့အဆောက်အအုံသစ်ကို ဆောက်လုပ်ပြီးစီးခဲ့သည်။ ထို့နောက် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ကို လက်ရှိအဆောက်အအုံသစ်သို့ ပြောင်းရွှေ့ခဲ့လေသည်။ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်တွင် ထားရှိသည်။ တက္ကသိုလ်များ အားလုံးအတွက် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်အဖြစ် အခြားတက္ကသိုလ်ကောလိပ်စာကြည့်တိုက်များ၏ ကျွမ်းကျင်မှုလုပ်ငန်းများကို ညှိနှိုင်းပေးခြင်း၊ စာကြည့်တိုက်သင်တန်းများကို ပို့ချပေးခြင်းစသည်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၌ စာအုပ်စုဆောင်းမှုအများဆုံးနှင့် အကြီးဆုံးစာကြည့်တိုက်တစ်ခုဖြစ်သည့်အပြင် မြန်မာစာအုပ်စာတမ်း၊ စာနယ်ဇင်းများနှင့် မြန်မာပြည်အကြောင်း စာအုပ်စာတမ်းများ အစုံလင်ဆုံး စာကြည့်တိုက်တစ်ခုဖြစ်ပါသည်။

ရည်ရွယ်ချက်

(၁) တက္ကသိုလ်များ၏ ပညာသင်ကြားရေးတွင် အထောက်အကူပြုစေရန်၊

(၂) ဆရာ၊ ဆရာမများ၏ ပညာသင်ကြားရေးအတွက် ရည်ညွှန်းကိုးကားရန်၊

(၃) ကျောင်းသူ ကျောင်းသားများ မိမိသင်ကြားရသော ဘာသာရပ်များနှင့် ပြင်ပဗဟုသုတ ရှာဖွေရန်၊

(၄) သုတေသီများ သုတေသနပြုလုပ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ရည်ညွှန်းလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

ဆောင်ရွက်ရသည့်လုပ်ငန်းများ

(၁) လိုအပ်သောစာအုပ်စာတမ်းများ ပြည့်စုံစွာထားရှိပေးရန်၊

(၂) လိုအပ်သောအထောက်အကူပြုလုပ်ငန်းများ ပြည့်ပြည့်စုံစုံထားရှိပေးရန်၊

ထူးခြားချက်

(၁) မည်သည့်တက္ကသိုလ်ကောလိပ်မဆို သုံးစွဲခွင့်ရှိသည်။

(၂) ပြင်ပဌာနအဖွဲ့အစည်းများ သုံးစွဲခွင့်ရှိသည်။

(၃) စာစုစာရင်းများထားရှိပေးသည်။

(၄) အညွှန်းများ ထားရှိပေးသည်။

(၅) စာတမ်းများ ထားရှိပေးသည်။

(၆) စာကြည့်တိုက်ပညာရှင်များအတွက် လိုအပ်သော ပညာရပ်အတွက် စီမံချက်များထားရှိ ဆောင်ရွက်လျက်ရှိသည်။

ဥပမာ –

(က) စာကြည့်တိုက်သုံးဝေါဟာရ

(ခ) မြန်မာစာရေးဆရာများ၏ကလောင်အမည်များ

(၇) အရှေ့တောင်အာရှနှင့် ပတ်သက်သောစာအုပ်စာတမ်းများ ပြည့်စုံစွာရှိသည်။

စာကြည့်တိုက်အနေအထား

ကြမ်းခင်းဧရိယာ	(အဟောင်း)	၁၁၆၁၆ စ/ပေ
	(အသစ်)	၁၄၄၀၀ စ/ပေ
စာဖတ်ခန်းဧရိယာ		၄၀၀၁ စ/ပေ
စာအုပ်စင်ဧရိယာ		၁၀၀၈၈ စ/ပေ
ရည်ညွှန်းခန်းဧရိယာ		၁၄၀ စ/ပေ

ဌာနစိတ်များ

တက္ကသိုလ်များဗဟိုစာကြည့်တိုက်သည် အောက်ပါဌာနစိတ်များဖွဲ့စည်းပြီး စာဖတ်သူများကို ကူညီပံ့ပိုးလျက်ရှိသည်။

(၁) မြန်မာစာ စာပြုဌာနစိတ်၊

(၂) အင်္ဂလိပ်စာ စာပြုဌာနစိတ်၊

(၃) မြန်မာ စာနယ်ဇင်းဌာနစိတ်၊

(၄) အင်္ဂလိပ် စာနယ်ဇင်းဌာနစိတ်၊

(၅) ပေပုရပိုက်စာ ဌာနစိတ်၊

(၆) ဓာတ်ပုံဌာနစိတ်၊

(၇) စာအုပ်လဲလှယ်ရေးဌာနစိတ်၊

(၈) ရည်ညွှန်းလုပ်ငန်းဌာနစိတ်၊

(၉) စာငှားဌာနစိတ်၊

(၁၀) စာပေပစ္စည်းပြုပြင်ရေးနှင့် ထိန်းသိမ်းရေးဌာနစိတ်၊

(၁၁) မိုက်ခရိုကွန်ပျူတာဌာနစိတ်။

ဖွဲ့စည်းပုံအသစ်တွင် လုပ်ငန်းဌာနပေါင်း (၁၆) ဌာနဖြင့် လုပ်ငန်းများ ထပ်မံတိုးချဲ့သွားမည်ဟု သိရှိရသည်။

(၁) မြန်မာစာ၊ စာပြုဌာနစိတ်

မြန်မာစာ စာပြုဌာနစိတ်သည် လစဉ်ထွက်သမျှ မြန်မာစာအုပ်စာတမ်းများကို ၂ အုပ်ကျစီ ဝယ်ယူပါသည်။ ရည်ညွှန်းကိုးကားရန် စာအုပ်များကို ၅ အုပ်စီဝယ်သည်။ ပြင်ပမှ လှူဒါန်းသော စာအုပ်စာတမ်းများနှင့် စာကြည့်တိုက်အထောက်အကူပြုပစ္စည်းများကိုလည်း လက်ခံရရှိသည်။ ရှားပါးသော စာအုပ်များကို ဝယ်ယူစုဆောင်းသည်။ မြန်မာစာအုပ်ပေါင်း (၂၈၃၀၀၀) ကော်ပီရှိသည်။

(၂) အင်္ဂလိပ်စာပြုဌာနစိတ်

အင်္ဂလိပ်စာပြုဌာနစိတ်သည် စာအုပ်အဟောင်းများဝယ်ယူခြင်း၊ လှူဒါန်းခြင်းနှင့် စာအုပ်လဲလှယ်ခြင်းတို့ဖြင့် စုဆောင်းရရှိသည်။ အင်္ဂလိပ်စာအုပ်ပေါင်း (၃၆၆၀၀၀) ကော်ပီရှိသည်။

(၃) မြန်မာ စာနယ်ဇင်းဌာနစိတ်

ပြည်တွင်း၌ထွက်ရှိသမျှစာနယ်ဇင်းများကို ၂ အုပ်စီဝယ်ယူသည်။ တစ်အုပ်ကို သိမ်း၍ ကျန်တစ်အုပ်ကို အထွေထွေရည်ညွှန်းခန်းတွင်ပြသထားသည်။ မြန်မာစာနယ်ဇင်းအမျိုးပေါင်း (၃၀၀) ကျော်ရှိသည်။ ထို့ပြင် စစ်ကြိုခေတ်၊ စစ်ပြီးခေတ်ဂျာနယ်များကိုလည်း စုဆောင်းထားသည်။ မြန်မာစာနယ်ဇင်းခေါင်းစဉ်ပေါင်း (၅၄၅) တွဲရှိသည်။

(၄) အင်္ဂလိပ် စာနယ်ဇင်းဌာနစိတ်

အင်္ဂလိပ်ဂျာနယ်အမျိုးပေါင်း (၂၂၅) မျိုးရှိသည်။ အခြားတက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်များမှအလိုရှိသော စာနယ်ဇင်းများကို နိုင်ငံခြားမှ မှာယူပေးသည်။ အင်္ဂလိပ် စာနယ်ဇင်းပေါင်း ခေါင်းစဉ် (၃၀) တွဲရှိသည်။

(၅) ပေပုရပိုက်စာ ဌာနစိတ်

ပေပုရပိုက်များကို ဝယ်ယူခြင်းဖြင့်လည်းကောင်း၊ အလှူခံခြင်းဖြင့်လည်းကောင်း စုဆောင်းထားရှိသည်။ ယင်းတို့ကို တိုက်ပိုင်စာရင်းသွင်းခြင်း၊ ကက်တလောက်ပြုခြင်း၊ ဘာသာရပ်ခွဲခြားခြင်းများ ပြုလုပ်ထားသည်။ ထို့ပြင် လက်ရေးမူကူးယူခြင်းနှင့် လက်နှိပ်စက်မူ လေးစောင်ပွားခြင်းတို့ကိုလည်း ပြုလုပ်သည်။ ပေပုရပိုက် (၁၅၅၅၀) ကော်ပီရှိသည်။

(၆) ဓာတ်ပုံဌာနစိတ်

ရှားပါးသောစာအုပ်များ၊ ဟောင်းနွမ်းသောစာအုပ်များ၊ ပေစာပုရပိုက်စာများကို ဓာတ်ပုံကူးယူထားရှိသည်။ မိုက်ခရိုဖလင် Microfilm၊ မိုက်ခရိုဖစ်ရှ် Microfische များဖြင့်ထိန်းသိမ်းထားရှိသည်။ ကောနဲလ်ယူနီဗာစီတီ Cornell University နှင့်ဆက်သွယ်၍ ပေ၊ ပုရပိုက်များကို မိုက်ခရိုဖလင်ရိုက်၍ပေးပို့သည်။ ယင်းတက္ကသိုလ်မှ ဓာတ်ပုံပစ္စည်းကိရိယာများ ထောက်ပံ့ကူညီသည်။ ယင်းဌာနစိတ်၌ Microfilm 35 mm, 1050 reels, 16mm Jacket (3500 reels), 16 mm Jacket (3500 Jackets) ရှိသည်။

(၇) စာအုပ်လဲလှယ်ရေးဌာနစိတ်

အပြည်ပြည်ဆိုင်ရာရှိ ကမ္ဘာ့စာကြည့်တိုက်များနှင့် စာကြည့်တိုက်အချင်းချင်း စာအုပ်လဲလှယ်ရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါသည်။ ဆက်သွယ်လျက်ရှိသော စာကြည့်တိုက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(1) British Library (U.K)

(2) School Of Oriental African Studies Library (U.K)

(3) Bodlein Library (U.K)

(4) Cambridge University Library (U.K)

(5) India Office Library Records British Library (U.K)

(6) The Library of Congress (U.S)

(7) Cornell University Library (U.S)

(8) Yele University Library (U.S)

(9) Nothern Illinois University Library (U.S)

(10) Australian National University Library (Australia)

(11) National Library of Australia

(12) Western Australia Institute of Technology

(13) Murelock University Library (Australia)

(14) Monsh University Library (Australia)

(15) University of Western Australia

(16) La Trobo University Library (Australia)

(17) National Diat Library (Japan)

(18) Osaka University of Foreign Studies Library (Japan)

(19) Institute for Studies of Language and Cultures of Asia and Africa (Japan)

(20) College of Liberal Arts Kagoshim University Library (Japan)

(21) Centre for S.E Asian Studies Library Kyoto University (Japan)

(22) Berlin State Library (Germany)

(23) Library of Institute of Oriental Language (France)

(24) National Library (Singapore)

(25) Institute of S.E Asian Studies (Singapore)

(26) Beijing National Library (China)

(27) The All Union States order of the Red Banner of Labour Library of foreign Literature (U. S. S. R)

(28) Malaysia National library (Malaysia)

(၈) စာပြုလုပ်ငန်း

စာအုပ်များကို A A C R 2 ကိုအသုံးပြု၍ မျိုးတူစုပြုရာတွင် D.D.C ဖြင့်ခွဲသည်။ ပညာရပ်ခေါင်းစဉ်ပေးရာတွင် L.C စနစ်ကိုသုံးသည်။ ကက်တလောက်ကတ်ပြားများကို Divided Cataloge စနစ်ကိုသုံးသည်။

(၉) စာငှားဌာနစိတ်

၁၉၉၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် (ပင်မ) ရှိ ဆရာ၊ ဆရာမ ဦးရေပေါင်းမှာ (၁၃၅၅) ယောက်ရှိသည်။ စာကြည့်တိုက်အသုံးပြုသူဆရာ၊ ဆရာမဦးရေ (၄၉၁) ယောက်ရှိသည်။

ရန်ကုန်တက္ကသိုလ် (ပင်မ) ရှိကျောင်းသား၊ ကျောင်းသူဦးရေ (၉၁၂၈) ယောက်ရှိသည်။ ပြင်ပမှ စာကြည့်တိုက်အသုံးပြုသူဦးရေ အယောက် (၃၀) ကျော်ရှိသည်။

ဘွဲ့ကြိုဘွဲ့လွန်ကျောင်းသူ၊ ကျောင်းသားများသည် တစ်ဦးလျှင် စာအုပ် ၂ အုပ် ငှားရမ်းနိုင်သည်။ တစ်ပတ်တိတိ ငှားခွင့်ရှိသည်။ ဆရာ၊ ဆရာမများသည် တစ်ဦးလျှင် ၅ အုပ် ငှားရမ်းခွင့်ရှိ၍ နှစ်ပတ်တိတိ ငှားရမ်းခွင့်ရှိသည်။ ပြင်ပမှ ပဂ္ဂိုလ်များသည် စာကြည့်တိုက်မှူး ခွင့်ပြုချက်ဖြင့် ငှားရမ်းနိုင်သည်။ တစ်ရက်ငှားရမ်းနှုန်းသည် အုပ် ၁၅၈ မှ ၂၀၀ အထိရှိသည်။ Inter Library Lown ရှိသည်။

(၁၀) စာပေပစ္စည်းပြုပြင်ရေးနှင့် ထိန်းသိမ်းရေးဌာနစိတ်

ရှားပါးစာအုပ်ကောင်းများကို ပြန်လည်ပြုပြင်သည်။ ပေစာ၊ ပုရပိုက်စာများကိုလည်း ပြုပြင်လျက်ရှိသည်။

(၁၁) မိုက်ခရိုကွန်ပျူတာဌာနစိတ်

IBM Compatible	၁ လုံး
Maeintosh LG & Classic	၂ လုံး
24 Pin Dot Printer	၁ လုံး

တို့ဖြင့် အသုံးပြုလျက်ရှိသည်။

ဖွဲ့စည်းပုံ

စာကြည့်တိုက်မှူး	၁ ဦး
စာကြည့်တိုက်မှူးအဆင့် (၁)	၁ ဦး
စာကြည့်တိုက်မှူးအဆင့် (၂)	၄ ဦး
စာကြည့်တိုက်လက်ထောက်အဆင့် (၁)	၄ ဦး
အခြားအဆင့်	၂၁ ဦး
နေစားဝန်ထမ်း	၄၅ ဦး
ရုံးအုပ်	၁ ဦး
ဌာနခွဲစာရေး	၁ ဦး
အခြားအဆင့်	၁၀ ဦး

ဘတ်ဂျက်

စာအုပ်စာတမ်းများ ဝယ်ယူရန်ကျပ်ငွေ ၁၀ သိန်းတိတိရရှိသည်။

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၏စာကြည့်တိုက်မှူးမှာ ဦးသော်ကောင်းဖြစ်သည်။ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၄း၃၀ နာရီအထိ အစိုးရရုံးပိတ်ရက်နှင့် စနေ၊ တနင်္ဂနွေတို့မှအပ နေ့စဉ် စာငှား ဌာနစိတ်သည် နံနက် ၁၀း၀၀ နာရီမှ ညနေ ၃း၀၀ နာရီအထိ ဖတ်ရှုလေ့လာငှားရမ်းနိုင်သည်။

တက္ကသိုလ်စာကြည့်တိုက်များအကြောင်းကို လေ့လာမည်ဆိုလျှင် ဦးခင်ဇော်၊ ဦးသိန်းဟန် (ဇော်ဂျီ) နှင့် ဦးသော်ကောင်းတို့၏စွမ်းဆောင်မှုတို့ကို ချန်လှပ်၍ မရစကောင်းပေ။

စာကြည့်တိုက်မှူးများ၏အတ္ထုပ္ပတ္တိ

ဦးခင်ဇော် (၁၉၀၅ – ၁၉၈၉)

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ခေတ်သစ်စာကြည့်တိုက်ပညာဘွဲ့ရစာကြည့်တိုက်ပညာ ရှင်မှာ ဆရာဦးခင်ဇော် (K) ၁၉၀၅ – ၁၉၈၉ ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၏ ပထမဦးဆုံးသော စာကြည့်တိုက်မှူးလည်းဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန် တက္ကသိုလ်သို့ စာကြည့်တိုက်ပညာတော်သင်အဖြစ် စေလွှတ်ခြင်းခံရသည်။ ၁၉၃၂ ခုနှစ်တွင် စာကြည့်တိုက်ပညာဆိုင်ရာ အဆင့်မြင့်ဆုံးတော်ဝင်ဘွဲ့ F.L.A (Follow of the Library Association ကိုရရှိခဲ့သည်။

ဦးခင်ဇော်သည် စာကြည့်တိုက်မှူးတာဝန်ယူရင်း မြန်မာမှုနှင့် မြန်မာ့ဂီတကို စိတ်ဝင်စားလေ့ လာသူဖြစ်သည်။ အထူးသဖြင့် ကျေးလက်တေးများကို စုဆောင်းသည်။ ဆရာဇော်ဂျီလိုပင် စစ်ကြို ခေတ်ကတည်းက စာတွေရေးလာခဲ့သူဖြစ်သည်။ ကလောင်အမည် မှာ (K) ဖြစ်သည်။ မြန်မာကဗျာ များကို အင်္ဂလိပ်ဘာသာပြန်ဆိုသည်။ သူ၏စာပေအများစုသည် မြန်မာဂီတသုတေသနနှင့် ရိုးရာ ယဉ်ကျေးမှုဆိုင်ရာများဖြစ်သည်။

၁၉၃၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူးအဖြစ် စတင်တာဝန်ထမ်းဆောင် သည်။[၄]

ဦးခင်ဇော်သည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ခေတ်မီစာကြည့်တိုက်ပညာရှင်ဘွဲ့ရ စာကြည့်တိုက်မှူးဖြစ်မည်ထင်သည်။

စာကြည့်တိုက်မှူးအဖြစ် တာဝန်ယူသည့်အချိန်မှစပြီး ကက်တလောက်စနစ်၊ မျိုးတူစုစနစ် တို့ဖြင့် အမေရိကန်ကွန်ဂရက်စာကြည့်တိုက်မှ ကက်တလောက်များကို ဝယ်ယူအသုံးပြုခဲ့သည်။

၄။ ဇေယျာ၊ မောင်။ ပထမမြန်မာခေတ်သစ်စာကြည့်တိုက်ပညာရှင်ဈေဝတ်မှုန်။ ၂ နှစ်မြောက်အထူးထုတ်၊ စာ – ၁၁၀။

အဘ ဦးသင်း၊ အမိ ဒေါ် ဖွားမြစ်တို့၏သားဖြစ်သည်။ ၁၉၀၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်တွင် မြို့ပင်ကောက်၌ မွေးဖွားသည်။ ၁၉၈၉ ခုနှစ်၊ မေလ ၇ ရက်နေ့တွင်ကွယ်လွန်သည်။ မြန်မာနိုင်ငံစာကြည့်တိုက်လောကအတွက် လေးစားကြည်ညိုဖွယ် ရှေ့ဆောင်လမ်းပြ စာကြည့်တိုက်ပညာရှင်တစ်ဦးဖြစ်သည်။

ဦးသိန်းဟန် (ဇော်ဂျီ) (၁၉၀၇ – ၁၉၉၀)

စစ်ကြိုခေတ်တွင် ဘိလပ်သို့ စာကြည့်တိုက်ပညာတော်သင်အဖြစ် ဦးခင်ဇော်အပြင် ဦးသိန်းဟန် (ဇော်ဂျီ) လည်းသွားခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ်၌ စာကြည့်တိုက်ဒီပလိုမာကို သင်ကြားခဲ့ရာ ဒုတိယကမ္ဘာစစ်ကြောင့် အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်တက္ကသိုလ်သို့ ပြောင်းရွှေ့သင်ကြားခဲ့ရသည်။ ၁၉၄၀ ပြည့်နှစ်တွင် အောင်မြင်သည်။ ၁၉၄၀ ပြည့်နှစ်မှစ၍ ရန်ကုန်ကောလိပ်စာကြည့်တိုက်တွင် စာကြည့်တိုက်မှူးအဖြစ် စတင်အမှုထမ်းသည်။

ဆရာဇော်ဂျီလက်ထက်တွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သည် ဒယူဝီဒသမမျိုးတူစနစ်ကို စတင်အသုံးပြုပါသည်။ မြန်မာစာပေ၊ စာနယ်ဇင်းအဟောင်းအသုံးပြုပါသည်။ မြန်မာစာပေ၊ စာနယ်ဇင်းအဟောင်းများနှင့် ပေပုရပိုက်လက်ရေးစာများကိုပါ ပြည်တွင်း ပြည်ပလက်လှမ်းမီသမျှ စုဆောင်းနိုင်ခဲ့ပေသည်။ စာအုပ်အလှူရှင်ရှိလျှင် လက်ခံခြင်း၊ ရောင်းလျှင်ဝယ်ခြင်း၊ မလှူမရောင်းလျှင် ပင် ငှား၍ မိတ္တူကူးယူပွားထားခြင်း စသည်တို့ကြောင့် မြန်မာမှုအထောက်အထားများ၊ စာပေစာနယ်ဇင်းများစွာသည် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၏ စာစုအင်အားကို တိုးပွားစေလျက် ဂုဏ်ရှိန်မြင့်တက်စေခဲ့ပေသည်။

ဆရာဇော်ဂျီသည် တပည့်ကောင်းစာကြည့်တိုက်မှူးများကိုလည်း ရွေးချယ်သင်ပြပေးနိုင်ခဲ့သည်။ ဆရာဦးသန်းထွတ် (တိုက်စိုး)၊ ဦးသော်ကောင်း၊ ဦးမောင်မောင် (စိုးရှိန်)၊ ဒေါ် ခင်ခင်အုန်း၊ ဒေါ် ကျော့ကျော့ (နန်းကြေးမုံ) တို့ကို ဌာနအသီးသီးမှခေါ် ယူ၍ စာကြည့်တိုက်ပညာတော်သင်အဖြစ် နိုင်ငံခြားသို့ စေလွှတ်နိုင်သည်အထိ ဦးဆောင်စီစဉ်ခဲ့သူလည်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်းဖြစ်မြောက်ရေးအတွက် ဦးဆောင်ခဲ့သူများထဲတွင် အထင်ကရ ပါဝင်ဦးဆောင်သူဖြစ်သည်။[၅]

ဆရာဇော်ဂျီသည် အဘဦးယောနှင့် အမိဒေါ်စိန်ညွန့်တို့၏သားဦးရတနာဖြစ်သည်။ ၁၉၀၇ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် ဖျာပုံမြို့၌ ဖွားမြင်သည်။ ၁၉၉၀ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင်

၅။ မြန်မာစာကြည့်တိုက်အသင်း သတင်းလွှာ၊ အမှတ် (၁)။

ကွယ်လွန်သည်။ ရာစုနှစ်တစ်ဝက်မက တိုင်းပြည်နှင့် လူမျိုးကောင်းကျိုးအတွက် တာဝန်ယူထမ်းရွက်နိုင်ခဲ့သူဖြစ်သည်။ ၁၉၆၉ ခုနှစ်တွင် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူးအဖြစ် အငြိမ်းစားယူသော်လည်း ဆရာဇော်ဂျီ၏အမည်သည် စာကြည့်တိုက်လောကတွင် ထာဝရတည်တံ့လျက်ရှိနေမည်မှာ မလွဲပေ။

ဆရာဇော်ဂျီ တီထွင်ထားရစ်ခဲ့သော "ပညာရှာသူတို့ဝိုင်းကူ" ဟူသော စာကြည့်တိုက်ဆောင်ပုဒ်သည်ပင် မြန်မာနိုင်ငံစာကြည့်တိုက်ပညာလောက၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ ပီပြင်ထမြောက်အောင်မြင်နိုင်ရေးအတွက် တွန်းအားပေးသည့် လမ်းညွှန်စကားရပ်ပင်ဖြစ်ပါသည်။

ဦးသော်ကောင်း

ဦးသော်ကောင်းသည် ၁၂၉၉ ခုနှစ်၊ နတ်တော်လပြည့်နေ့ (၁၇.၁၂.၁၉၃၇) တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ အဘ ပညာမင်းကြီးစည်သူ ဦးကောင်း၊ အမိဒေါ် သိန်းတို့ဖြစ်သည်။ ပညာမင်းကြီးစည်သူဦးကောင်းသည် စာပေဗိမာန်အကြံပေး သုခမိန်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံသမိုင်းကော်မရှင်၏ ပထမဆုံးဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သူဖြစ်သည်။ ဦးသော်ကောင်းသည် ငယ်ရွယ်စဉ်၌ ကျန်းမာရေးချို့တဲ့သောကြောင့် မိခင်ဖြစ်သူနှင့် ဆရာ၊ ဆရာမအချို့တို့က နေအိမ်မှာပင် ပညာသင်ကြားပေးခဲ့ရသည်။ ၇ တန်းမှ ၉ တန်းအထိသာ မက်သဒစ်အင်္ဂလိပ်အထက်တန်းကျောင်း၌ နေပြီး ၁၉၅၄ ခုနှစ်တွင် အင်္ဂလိပ်စာ၊ ပထဝီဘာသာရပ်ဂုဏ်ထူးများဖြင့် မက်ထရစ်စာမေးပွဲကို အောင်မြင်ခဲ့ပါသည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် အင်္ဂလိပ်စာ၊ အရှေ့တိုင်းနှင့် မြန်မာ့သမိုင်း၊ မနုဿဗေဒနှင့် နိုင်ငံရေးသိပ္ပံတို့ကို လေ့လာဆည်းပူးခဲ့သည်။

၁၉၅၉ ခုနှစ်တွင် အင်္ဂလိပ်ဘာသာစာပေဖြင့် ဝိဇ္ဇာဂုဏ်ထူးတန်းကို ပထမအဆင့်ဖြင့် အောင်မြင်ခဲ့သည်။ ၁၉၆၀ – ၆၁ ခုနှစ်တွင် လန်ဒန်တက္ကသိုလ်၌ စာကြည့်တိုက်ပညာဘွဲ့လွန်ဒီပလိုမာကို အရှေ့ပိုင်း ဂန္ထဗေဒ Oriental Bibliography ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဗြိတိသျှစာကြည့်တိုက်အသင်း၏ တော်ဝင်စာကြည့်တိုက်မှူး Chartered Librarian အဖြစ်ရွေးချယ်ခြင်းခံရပြီး (A. L. A) ဘွဲ့ Associate of the library Associate ကိုရရှိခဲ့ပါသည်။ ၁၉၇၆ ခုနှစ်တွင် ဩစတြေးလျနိုင်ငံပါသ်မြို့ Parth တွင် စာကြည့်တိုက်ပညာသင်ကြားပို့ချနည်းပညာသင်တန်းကို နှစ်လတက်ရောက်ခဲ့သည်။ ဩစတြေးလျစာကြည့်တိုက်များနှင့် စာကြည့်တိုက်ပညာသင်ကျောင်းကို တစ်လကြာလက်တွေ့လေ့လာခဲ့သည်။ ဩစတြေးလျစာကြည့်တိုက်အသင်း၏ A.L.A.A Associate of the Library Association of Australia ဘွဲ့ကို ချီးမြှင့်ခြင်းခံရသည်။ ၁၉၈၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံစာကြည့်တိုက်များအား လေ့လာရန် တက္ကသိုလ်စာကြည့်တိုက်မှူး (အဖွဲ့ခေါင်းဆောင်) အဖြစ် နှစ်ပတ်ကြာသွားရောက်ခဲ့သည်။ ထို့ပြင် ဂျပန်ခေတ်မြန်မာနိုင်ငံဆိုင်ရာ

မှတ်တမ်းများကို မိုက်ခရိုဖလင်ရိုက်ကူးယူရန် ကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ဩစတြေးလျနိုင်ငံသို့ စေလွှတ်သည့် တက္ကသိုလ်စာကြည့်တိုက်မှူးလေးဦး၏ အဖွဲ့ခေါင်းဆောင်အဖြစ် သုံးပတ်ကြာသွားရောက်ခဲ့သည့်အပြင် အပြန်တွင် စင်္ကာပူနိုင်ငံရှိ စာကြည့်တိုက်များကိုလည်း လေ့လာခဲ့သည်။

၁၉၅၉ ခုနှစ်တွင် လူမှုရေးသိပ္ပံမဟာဌာနစာကြည့်တိုက်တွင် ခေတ္တအလုပ်ဝင်၍ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သို့ ထိုနှစ်မှာပင် စာကြည့်တိုက်မှူး ဦးသိန်းဟန် (ဆရာဇော်ဂျီ) ၏ လက်ထောက်အဖြစ် ပြောင်းရွှေ့အမှုထမ်းဆောင်ခဲ့သည်။

၁၉၆၉ ခုနှစ်တွင် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၏ စာကြည့်တိုက်မှူးအဆင့် (၁) အဖြစ် ရာထူးတိုးမြှင့်ခြင်းခံရသည်။ ဦးသော်ကောင်းသည် မြန်မာစာအဖွဲ့၏အတွင်းရေးမှူးအဖြစ် ၁၉၇၁ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ၁၉၈၁ – ၁၉၈၂ ခုနှစ်တွင် မြန်မာအင်္ဂလိပ်အဘိဓာန်ပြုစုရေးအဖွဲ့၏ သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည်။ မြန်မာစာအဖွဲ့တွင်လည်းကောင်း၊ မြန်မာ – အင်္ဂလိပ် အဘိဓာန်ပြုစုရေးအဖွဲ့တွင်လည်းကောင်း ကူညီဆောင်ရွက်ခဲ့သည်။ စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများ စိစစ်ရေးအဖွဲ့ဝင်အဖြစ် ၁၉၇၀ ပြည့်နှစ်မှ ယနေ့တိုင်ဆောင်ရွက်လျက်ရှိသည်။

၁၉၇၁ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် ပညာဌာန၏ ဌာနမှူးနှင့် အချိန်ပိုင်းကထိကအဖြစ် ယနေ့တိုင်ဆောင်ရွက်လျက်ရှိပါသည်။ တက္ကသိုလ်ပညာပဒေသာစာစောင် အုပ်ချုပ်မှုစာတည်းအဖွဲ့၏အတွင်းရေးမှူးအဖြစ် ၁၉၆၅ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိဆောင်ရွက်ခဲ့သည်။ ဦးသော်ကောင်းသည် စာကြည့်တိုက်ဆိုင်ရာ ဆောင်းပါးများ၊ စာတမ်းများ၊ စာအုပ်များကို ရေးသားပြုစုခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ဗြိတိသျှစာကြည့်တိုက်အသင်း၏အမြင့်ဆုံးဘွဲ့ဖြစ်သော F.L.A (Follow of the Library Association) ဘွဲ့ကို ဂုဏ်ထူးဆောင်အဖြစ် ချီးမြှင့်ခြင်းကို ခံခဲ့ရပါသည်။

ဦးသန်းထွတ် (တိုက်စိုး)

ဦးသန်းထွတ် (တိုက်စိုး)သည် ဖျာပုံမြို့နယ် သမိန်ထောရွာဇာတိဖြစ်သည်။ ၂၀.၉.၁၉၂၀ ပြည့်နှစ်တွင် အဘဦးဘိုးဝနှင့် အမိဒေါ်ငွေနုတို့၏မွေးချင်းလေးယောက်အနက် အကြီးဆုံးသားအဖြစ် မွေးဖွားခဲ့သည်။ ငယ်မည်ကိုကိုကြီးဖြစ်သည်။ ကျောင်းနာမည်မောင်သန်းဖြစ်၍ အမည်ရင်းမှာ ဦးသန်းထွတ် ဖြစ်သည်။ သမိန်တောရွာ မြန်မာအလယ်တန်းကျောင်းတွင် ဒုတိယတန်းအထိ ပညာသင်ကြားခဲ့သည်။ ထို့နောက် ဖျာပုံအစိုးရအထက်တန်းကျောင်း၌ ကိုးတန်းအထိနေခဲ့သည်။ ၁၉၃၈ ခုနှစ်၊ ရန်ကုန်မြို့မကျောင်းတွင် ဆယ်တန်းအောင်မြင်ခဲ့သည်။ ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ်သို့ ရောက်၍ ကျောင်းမှထွက်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ဝိဇ္ဇာစာမေးပွဲကို အလွတ်ဖြေဆိုအောင်မြင်ခဲ့ပါသည်။

F .10B

၁၉၄၇ – ၄၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လပ်ဖရာကောလိပ်စာကြည့်တိုက်သင်တန်းကျောင်း၌ ပညာသင်ခဲ့သည်။ ၁၉၅၀ ခုနှစ်တွင်(A.L.A) ဘွဲ့ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ရသည်။ ၁၉၅၆ ခုနှစ်တွင် ဥရောပ၌ စာကြည့်တိုက်ပညာကို ဆက်လက်လေ့လာဆည်းပူးခဲ့ပါသည်။

၁၉၄၆ – ၄၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်အင်္ဂလိပ်စာဌာန၌ နည်းပြဆရာအဖြစ်လည်းကောင်း၊ ၁၉၄၉ – ၅၁ ခုနှစ်တွင် ဌာနဆိုင်ရာစာကြည့်တိုက်မှူးအဖြစ်လည်းကောင်း၊ ၁၉၅၁ – ၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်လက်ထောက်အဖြစ်လည်းကောင်း အမှုထမ်းခဲ့သည်။ ၁၉၅၄ – ၆၀ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက်၏အထူးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၀ ခုနှစ်မှစ၍ ယဉ်ကျေးမှုဗိမာန်ညွှန်ကြားရေးမှူး၊ ထို့နောက် ၁၉၇၂ ခုနှစ်တွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် အမှုထမ်းခဲ့ပါသည်။

၁၉၅၂ ခုနှစ်တွင် ရာမခရစ်ရှနာမစ်ရှင်အဖွဲ့စာကြည့်တိုက်ကော်မတီဝင်နှင့် ၁၉၅၃ ခုနှစ်တွင် မြန်မာနိုင်ငံသုတေသနအသင်းအမှုဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ဦးသန်းထွတ်သည် တိုက်စိုးအမည်ဖြင့် ဆောင်းပါးများ၊ စာအုပ်စာတမ်းများနှင့် စာကြည့်တိုက်ဆိုင်ရာတို့ကို ယခုတိုင်ရေးသားပြုစုအကြံပေးလျက်ရှိပါသည်။

ဒေါ်ကျော့ကျော့

၁၉၃၃ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်တွင် ရှမ်းပြည်တောင်ပိုင်း၊ ကလောမြို့၌ ဖွားမြင်သည်။ (ဘ) ဦးမောင်မောင်ကြီး (မိ) ဒေါ်ခင်ထွေးတို့၏သားသမီးလေးယောက်တွင် တတိယမြောက်ဖြစ်သည်။ တောင်ကြီးမြို့ရှိ ရိုမင်ကက်သလစ်မစ်ရှင်စိန်အင်းကျောင်းတွင် ငယ်စဉ်မှ တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ၁၉၅၃ ခုနှစ်အထိ ပညာဆည်းပူးခဲ့သည်။

၁၉၅၃ ခုနှစ်မှာ ၁၉၅၇ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်အင်းလျားဆောင်မှ ဝိဇ္ဇာဘွဲ့ကို လူမှုရေးသိပ္ပံ၊ စိတ်ပညာနှင့် ပြင်သစ်ဘာသာစကားတို့ဖြင့် ဘွဲ့ရရှိခဲ့သည်။

၁၉၅၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ပညာရေး မဟာဌာနမှ ပညာရေးဒီပလိုမာဘွဲ့ရရှိခဲ့သည်။

၁၉၅၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာန၏ Student Councelling လုပ်ငန်းတွင် နည်းပြအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်မှစပြီး ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင် နည်းပြစာကြည့်တိုက်မှူးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုစဉ်မှ စပြီး ဆရာဇော်ဂျီ (ဦးသိန်းဟန်) နှင့် ဆရာဦးသော်ကောင်းတို့၏လမ်းညွှန်မှုဖြင့် ဒေါ်ခင်ခင်အုန်း၊ ဦးမောင်မောင်တို့နှင့် အတူ တာဝန်ထမ်းဆောင်ခဲ့ရသည်။

၁၉၆၄ ခုနှစ်၊ စနစ်သစ်ပညာရေးအရ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်အဖြစ် အမည်ပြောင်းလဲခဲ့ပြီး စာကြည့်တိုက်နည်းပြကို စာကြည့်တိုက်လက်ထောက် (၁) ဟု ၁.၁၀.၆၄ နေ့မှစတင်ပြောင်းလဲသတ်မှတ်ခဲ့သည်။

၁၉၇၂ ခုနှစ်၊ ဇွန်လ ၁၃ ရက်တွင် လက်ထောက်စာကြည့်တိုက်မှူးအဖြစ် ရာထူးတိုးမြှင့်ခြင်း ခံရသည်။ (၁၃ နှစ်ကြာအထိ လက်ထောက် (၁) တွင်အမှုထမ်းခဲ့)

၁၉၇၃ ခုနှစ်တွင် လန်ဒန်မြို့ School of Librarianship, Foly Technique of North London (ယခု North London University တွင် (A.L.A) ဘွဲ့ရရှိရေးအတွက် ပညာတော်သင် အဖြစ်အရွေးခံရပြီး သွားရောက်သင်ကြားကာ ဘွဲ့ရရှိခဲ့သည်။

၁၉၇၆ ခုနှစ်တွင် ပြန်ရောက်ရှိပြီး တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် ဌာနစိတ်အသီးသီး၌ တာဝန်ယူခဲ့ရာ မြန်မာစာပြု မြန်မာစာနယ်ဇင်း၊ ပေပုရပိုက်ဆိုင်ရာ ပင်းဖလက်စုဆောင်းခြင်း၊ မိုက်ကရိုဖလင်ကတ်တလောက်ဌာနတို့တွင်တာဝန်ယူခဲ့ပြီး တက္ကသိုလ်များဗဟိုစာကြည့်တိုက်၏ လုံခြုံရေးတာဝန်ခံအဖြစ်ပါပူးတွဲ တာဝန်ထမ်းဆောင်ခဲ့ရသည်။

၁၉၇၆ ခုနှစ်မှစပြီး ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ပညာဌာနတွင် သင်ကြားရေးတာဝန်ပါ အခြားစာကြည့်တိုက်မှူးများနှင့်အတူ ပူးတွဲတာဝန်ယူခဲ့သည်။

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သုတေသနပရိုဂျက်လုပ်ငန်းများတွင် စီမံခန့်ခွဲသူအဖြစ် တာဝန်ယူခဲ့ပြီး၊ အချို့ပရိုဂျက်တို့တွင် တာဝန်ခံလုပ်ဆောင်ရာ ရှေးခေတ်မြန်မာစာဆိုများအမည် စာရင်း၊ မြန်မာဆေးကျမ်းများစာစုစာရင်းနှင့် တိုင်းရင်းသားလူမျိုးများဆိုင်ရာစာစုစာရင်း စသည်တို့ တွင် ပါဝင်ပြုစုခဲ့သည်။

၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် မော်လမြိုင်တက္ကသိုလ်အတွက် စာကြည့်တိုက်မှူး (၁) ရာထူးဖြင့် ရာထူးတိုးမြှင့်ကာ တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင် တွဲဖက်တာဝန်ချထားခဲ့ သည်။

၁၉၈၈ ခုနှစ်၊ စာကြည့်တိုက်လုံခြုံရေးတာဝန်ခံအဖြစ် ဦးဆောင်ကာ အခြားဝန်ထမ်းများ နှင့်လက်တွဲပြီး စာကြည့်တိုက်လုံခြုံရေးကို ထိထိရောက်ရောက် တာဝန်ယူနိုင်ခဲ့သည်။

၁၉၉၀ ခုနှစ်၊ မေလ ၃ ရက်တွင် မော်လမြိုင်တက္ကသိုလ်စာကြည့်တိုက်မှူး (၁) ရာထူးဖြင့် တွဲဖက်ထားသည့်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ဒု စာကြည့်တိုက်မှူးရာထူးမှ စီးပွားရေး တက္ကသိုလ်စာကြည့်တိုက် စာကြည့်တိုက်မှူးအဆင့် (၁) ဖြင့်ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။

၁၉၉၂ ခုနှစ်တွင် ယူကေနိုင်ငံစာကြည့်တိုက်ပညာအသင်းတွင် စာကြည့်တိုက်ပညာတော်ဝင် ဘွဲ့ (F.L.A) ရရှိရေးအတွက် ကျမ်းပြု (စာစုစာရင်းပြုစု) ပြီး တင်သွင်းရာ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ

၂၂ ရက်တွင် ယင်း (F.L.A) ဘွဲ့ရရှိအောင်မြင်ခဲ့သည်။ ကျမ်းအမည်မှာ Annotated Bibliography of Burmese Drama published between ၁၈၇၂ – ၁၉၉၂ ဖြစ်သည်။

မြန်မာနိုင်ငံအနေနှင့် ဆရာကြီးဦးခင်ဇော် (ကွယ်လွန်)၊ ဆရာကြီးဦးသော်ကောင်း၊ ဒေါ်ခင်သက်ထားနှင့် ဒေါ်ကျော့ကျော့တို့လေးဦး ယင်းတော်ဝင်ဘွဲ့ရရှိခဲ့ကြသည်။

၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် ညနေမှစပြီး သက်ပြည့်အငြိမ်းစားယူခဲ့သည်။ ယခုအခါ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ပညာဌာနတွင် အချိန်ပိုင်းဆရာအဖြစ် ဆက်လက်တာဝန်ယူဆဲဖြစ်သည်။

နှစ်ပေါင်း ၃၀ ကျော်စာကြည့်တိုက်မှူးဘဝဖြင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူး (၁) ဘဝသို့တိုင် တာဝန်ထမ်းဆောင်ခဲ့သည်။ စီးပွားရေးတက္ကသိုလ်အတွက် ယင်းစာကြည့်တိုက်ရှိစာရင်းအင်းပညာဌာနအတွက် မြန်မာနိုင်ငံသန်းခေါင်စာရင်းစာစုကို ပြုစုခဲ့သည်။

တာဝန်ထမ်းဆောင်စဉ်ကာလ အခါအားလျော်စွာ ငွေတာရီ၊ ရှုမဝ၊ သုတပဒေသာစသည့် မဂ္ဂဇင်းနှင့် သတင်းစာတို့တွင် ဆောင်းပါးများရေးသားခဲ့သည်။ ရုံဖန်ရုံခါနန်းကြေးမုံ ဟူသောကလောင်အမည်ဖြင့် ရေးသားသည့် စစ်ပြန်မဂ္ဂဇင်းတွင် ဒုတိယကမ္ဘာစစ်အကြောင်း အင်္ဂလိပ်ဘာသာထုတ် စစ်စာအုပ်များအကြောင်း စာအုပ်ကဏ္ဍတွင် ရီဗျူးရေးသားခဲ့သည်။

၃။ အထူးစာကြည့်တိုက်

အထူးစာကြည့်တိုက်ဆိုသည်မှာ ပညာရပ်တစ်မျိုးတည်းကိုသာ အဓိကထား၍ စုဆောင်းထားရှိသော စာကြည့်တိုက်ဖြစ်ပါသည်။ ပညာရပ်တစ်မျိုးမျိုး ပြည့်စုံစွာလေ့လာကိုးကားနိုင်ရန်ရည်ရွယ်ချက်ဖြင့် ထိုပညာရပ်နှင့် စပ်ဆိုင်သော မိမိနိုင်ငံထုတ်စာအုပ်စာတမ်းများနှင့် နိုင်ငံခြားစာအုပ်စာတမ်းများကိုပါ စုဆောင်းထားလေ့ရှိပါသည်။[၆]

အချို့သောအထူးစာကြည့်တိုက်မှာ ဘာသာရပ်တစ်ခုသို့မဟုတ် ဘာသာရပ်တစ်စုကိုစုခြင်းမဟုတ်သော်လည်း အဖွဲ့အစည်းရှိလူများကိုသာလျှင် သုံးခွင့်ပြုသောစာကြည့်တိုက်မျိုးကိုလည်း အထူးစာကြည့်တိုက်ဟုဆိုနိုင်၏။ ထိုစာကြည့်တိုက်မျိုးတွင် ပုဂ္ဂလိကအထူးစာကြည့်တိုက်နှင့် အစိုးရဌာနအထူးစာကြည့်တိုက်ဟုဆိုနိုင်သေး၏။[၇]

၆။ မောင်မောင်၊ ဦး "စာကြည့်တိုက်များ ပြည်သူကို အကျိုးပြုပုံ။
လူမိတ်ဆွေစာအုပ် (မန္တလေး၊ လူထုပုံနှိပ်တိုက်၊ ၁၉၇၃) စာ – ၈၃။

၇။ ကောင်းမြင့်၊ မောင်။ ခေတ်ဟောင်း ခေတ်သစ်စာကြည့်တိုက်ခရီး (၁၀၅၇ – ၁၉၇၃) (ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၈) စာ – ၄၆။

ဗဟိုဓိဝဆေးပညာစာကြည့်တိုက်၊ စက်မှုပညာပြန်ကြားရေးဌာနစာကြည့်တိုက်၊ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သာသနာ့ရောင်ခြည် ပြန့်ပွားရေးပိဋကတ်တိုက်၊ နိုင်ငံခြားရေးဌာနစာကြည့်တိုက် (ဗဟိုနိုင်ငံရေးသိပ္ပံတက္ကသိုလ်စာကြည့်တိုက်) [၈] ပညာရေးသုတေသနစာကြည့်တိုက် (လမ်းစဉ်ပါတီဌာနချုပ်စာကြည့်တိုက်) [၉] တပ်မတော်မော်ကွန်းတိုက်နှင့် စာကြည့်တိုက်၊ ရှေးဟောင်းသုတေသနစာကြည့်တိုက်၊ ရှေးဟောင်းသုတေသနစာကြည့်တိုက်အစရှိသည်တို့သည် အထူးစာကြည့်တိုက်များဖြစ်ပါသည်။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သာသနာ့ရောင်ခြည်ပြန့်ပွားရေး ပိဋကတ်တိုက်

နောက်ခံသမိုင်း

မြန်မာပြည်သည် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားသောနိုင်ငံဖြစ်သည်။ ၁၉၅၄ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ၌ ဆဋ္ဌမအကြိမ်မြောက် သင်္ဂါယနာတင်ပွဲကြီးကို အောင်မြင်စွာကျင်းပခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင်ခြင်းကို ၁၉၅၄ ခု၊ ပိဋကတ်၊ ပါဠိတော် သင်္ဂါယနာတင်ခြင်းမှစ၍ ၁၉၅၉ ခု၊ ဋီကာသင်္ဂါယနာတင်ခြင်းဖြင့် ပြီးဆုံးစေခဲ့သည်။

ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများဖြစ်ကြသော သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများမှ ဆရာတော်၊ သံဃာတော်တို့သည် မိမိတို့ဘာသာဖြင့် ရေးသားထားသည့်ပိဋကတ်တော်နှင့် ဘာသာရေးဆိုင်ရာအဆောင်အယောင်၊ အခမ်းအနားပစ္စည်းအချို့ကို ယူဆောင်၍ မြန်မာနိုင်ငံသို့ လာရောက်ကာ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထိုသို့ပါဝင်ခြင်းကို ဂုဏ်ပြုသည့်အနေဖြင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် သက်ဆိုင်ရာတိုင်းပြည်၏အမည်ဖြင့် ယိုးဒယားသန္နိပါတ၊ သီဟိုဠ်သန္နိပါတ၊ ကမ္ဘောဒီးယား သန္နိပါတ၊ လာအိုသန္နိပါတဟူ၍ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများကို သူ့အလှည့်နှင့်သူ အမှူးထား၍ သင်္ဂါယနာတင်ခြင်းပြုခဲ့ပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ပါဝင်ခဲ့ကြသော ထေရဝါဒနိုင်ငံများမှ ဆရာတော်၊ သံဃာတော်များသည် မိမိတို့တိုင်းပြည်သို့ ပြန်ကြွကြသောအခါ မိမိတို့ယူဆောင်လာခဲ့သော ၎င်းတို့၏ဘာသာစကားဖြင့်ရေးသားထားသည့် ပိဋကတ်တော်များ၊ ဘာသာရေးဆိုင်ရာအဆောင်အယောင် အခမ်းအနားပစ္စည်းအချို့ကို မြန်မာနိုင်ငံသားများ လေ့လာကြည့်ရှုနိုင်ရန် ထားခဲ့ကြသည်။ သို့ဖြစ်၍ ပိဋကတ်တော်များကို ထိန်းသိမ်းထားရှိရန် ပိဋကတ်တိုက်နှင့် ပစ္စည်းပရိဘောဂများ ပြသထားရှိရန် ပြတိုက်ကို ဆောက်လုပ်ခဲ့ကြသည်။

၈/၉။ ၁၉၈၈ ခုနှစ်၊ အရေးအခင်းကာလ၌ ပျက်စီးခဲ့ပြီးယခုမရှိတော့ဖြစ်သည်။

ဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ်တိုက်ဟူ၍ ဘုန်းတော်ကြီးကျောင်း ပိဋကတ်တိုက်များမှလွဲ၍ သီးခြားမရှိခဲ့သေးပေ။

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ဒေသနာပိဋကတ်တော်များကို မြန်မာပြည်ရှိ ဗုဒ္ဓဘာသာဝင်များနှင့် နိုင်ငံခြားသားများပါ လေ့လာနိုင်ရန်အတွက် သုတေသနပြုရာဌာနကြီးအဖြစ် ပိဋကတ်တိုက်တော်ကြီးတစ်ခုဖွင့်လှစ်ရန် ရည်သန်လျက် ကွန်ကရိဖြင့် အလုံးစုံပြီးသော ခိုင်ခံ့သည့် ပိဋကတ်တိုက်တော်အဆောက်အအုံကြီးကို ရန်ကုန်မြို့ ကမ္ဘာအေးသိရိမင်္ဂလာကုန်းမြေဆဋ္ဌသင်္ဂါယနာတင်ရာအရပ်တွင် တည်ဆောက်ရန်ဆုံးဖြတ်ကြသည်။

ပိဋကတ်တိုက်

ပိဋကတ်တိုက်အဆောက်အအုံကို ၁၉၅၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် အုတ်မြစ်ချသည်။ အဆောက်အအုံပုံစံသည် ရှေးမြန်မာမှုနှင့် ယခုခေတ်ပုံစံအနုပညာယဉ်ကျေးမှုများ စုပေါင်းတွဲဖက်၍ ရေးဆွဲထားခြင်းဖြစ်သည်။ ပိဋကတ်တိုက်အဆောက်အအုံပုံစံသည် အလယ်တွင်အဝိုင်းဖြစ်၍ ဘေးနှစ်ဖက်၌ ငှက်တောင်ပံပမာကားထွက်နေသော အဆောင်ကြီးနှစ်ခုပါရှိသည်။ ဝဲဘက်အဆောင်မှာ အစည်းအဝေးဆောင်ဖြစ်သည်။ ယာဘက်အဆောင်မှာ စာအုပ်စာတမ်းများ ထိန်းသိမ်းထားရှိသော စာကြည့်ဆောင်ဖြစ်သည်။ နောက်ဘက်တွင် ပြတိုက်ရှိသည်။ ကောင်းကင်မှကြည့်ပါမူ ထိပ်ဆုံးအမိုးအဝိုင်းကြီးပေါ်တွင် ဓမ္မစကြာပုံအဝိုင်းကို တွေ့ရှိနိုင်သည်။ ဒုတိယအမိုးပိုင်းကြီးပေါ်၌ မြတ်စွာဘုရား၏ ဝိနည်းဒေသနာတော်သည် ဗုဒ္ဓသာသနာတော်၏အသက်ဖြစ်ကြောင်း ပါဠိဘာသာဖြင့် ရေးထိုးထားသည်။

ရတနာသုံးပါးကို အမှူးထား၍ ပိဋကတ်တိုက်အဆောက်အအုံမှာ သုံးထပ်ဖြစ်သည်။ မြေညီထပ်တွင် မဂ္ဂင်ရုစ်ပါးတရားတော်ကို ရည်စူး၍ တံခါးမကြီးရှစ်ခုထားရှိသည်။

ပထမထပ်တွင် ပဋ္ဌာန်းဒေသနာတော် ၂၄ ပစ္စည်းကို ရည်စူး၍ ပြတင်းပေါက် ၂၄ ပေါက်ဖောက်ထားသည်။ မြတ်စွာဘုရားလက်ထက် ပထမဦးစွာ သာသနာပြုရဟန္တာမထေရ်ကြီး ခြောက်ကျိပ်လေးပါးကို ရည်စူး၍ ပြတင်း ၆၄ ပေါက်ဖောက်ထားသည်။ ထိုအထပ်တွင် ရှားပါးသော ပေမူ၊ ပုရပိုက်မူ၊ လက်ရေးစာမူများထားရှိသည်။

ဒုတိယထပ်၌ တရားအားထုတ်လိုသော ပုဂ္ဂိုလ်များအတွက် စင်္ကြံပတ်လမ်းပြုလုပ်ထားသည်။ စင်္ကြံ၏အတွင်းဘက်တွင် တစ်ရာ့ရှစ်ကွက်သောစက်လက္ခဏာအုံကို ရည်စူး၍ တာရာဇိကြာပန်းတစ်ရာ့ရှစ်ခု တပ်ဆင်ထားသည်။[၁၀]

၁၀။ ခင်ခင်စု၊ ဒေါ်။ "သာသနာရေးဦးစီးဌာန ပိဋကတ်တိုက်"
သာသနာ့ရောင်ခြည်စာစောင်၊ တွဲ – ၁၊ မှတ် – ၄ (ဖေ – ၁၉၈၂) စ –၃၆ – ၃၇။

၁၉၅၅ ခုနှစ်၊ မေလ ၁၁ ရက်တွင် ကမ္ဘာအေးအပရဂေါယာနကျောင်းဆောင်မြေညီထပ်တွင် ပိဋကတ်တိုက်ကို စတင်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ပိဋကတ်တိုက်ကို အပရဂေါယာနကျောင်းဆောင်မှ သာသနာရေးဦးစီးဌာနရုံးချုပ်အဆောက်အအုံသို့ပြောင်းရွှေ့သည်။ ၁၉၅၉ ခုနှစ်တွင် ထိုအဆောက်အအုံမှ ဥတ္တရကုရု ကျောင်းဆောင်သို့ပြောင်းရွှေ့ပြန်သည်။

ပိဋကတ်တိုက်အဆောက်အအုံသစ်သို့ ၁၉၆၁ ခုနှစ်၊ မေလ ၁၁ ရက်တွင်ပြောင်းရွှေ့ခဲ့သည်။ International Institute for Advanced Buddhistie Studies (ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်) ဟုအမည်ပေးသည်။

ပြည်တွင်းသုတေသီများနှင့် ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာကိုလေ့လာလိုသူ သုတေသီများသည် ထေရဝါဒဗုဒ္ဓဘာသာကိုအခြေပြု၍ သုတေသနပြုရာတွင် ဤ ပိဋကတ်တိုက်မှ စာအုပ်စာတမ်းများ၊ ပြတိုက်ပစ္စည်းများဖြင့်လေ့လာနိုင်ရန်ဖြစ်သည်။

ပိဋကတ်တိုက်တွင် ကမ္ဘာအရပ်ရပ်မှဗုဒ္ဓဘာသာဆိုင်ရာထေရဝါဒ၊ မဟာယာန၊ ကန္တရာသာန၊ မန္တ ရာသာန၊ ဝဇီရာယန၊ ဇင်ဗုဒ္ဓဘာသာစသော ဂိုဏ်းအမျိုးမျိုးအကြောင်းကိုလည်းကောင်း၊ ဗုဒ္ဓဘာသာဆိုင်ရာပါဠိပိဋကတ်တော်နှင့် သက္ကတပိဋကက်တော်များကိုလည်းကောင်း လေ့လာသုတေသနပြုနိုင်ရန်ဖြစ်သည်။

ပိဋကတ်တိုက်၊ ပြတိုက်၊ သုတေသနဟူ၍ သုံးမျိုးခွဲကာ အထက်တန်းသုတေသနသင်တန်းပေးခြင်းနှင့် သုတေသနပြုခြင်းများကို ပြုလုပ်ရန်ဖြစ်သည်။ ဗုဒ္ဓယဉ်ကျေးမှု၊ အရှေ့တောင်အာရှတိုက်ယဉ်ကျေးမှု၊ အရှေ့တိုင်း၊ အနောက်တိုင်းယဉ်ကျေးမှုတို့နှိုင်းယှဉ်လေ့လာသုတေသနပြုနိုင်သည်။

သုတေသနပြုရာ၌ ပိဋကတ်တိုက်ရှိစာအုပ်စာတမ်းများ၊ ပြတိုက်ရှိ ဗုဒ္ဓအနုပညာပစ္စည်းများဖြင့်အခြေပြုကာ လေ့လာနိုင်ရန်ဖြစ်သည်။

သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ၎င်းနှင့်သက်ဆိုင်ရာ ဘာသာရပ်များနှင့် သုတေသနပြုလိုကြသော ရဟန်းပညာရှင်၊ လူပညာရှင်များအတွက် သုတေသနစာကြည့်ပိဋကတ်တိုက်အဖြစ် စတင်တည်ထောင်ဖွင့်လှစ်ထားခြင်းပင်ဖြစ်သည်။

စာကြည့်ပိဋကတ်တိုက်နှင့်ပူးတွဲ၍ ရှားပါးသော စာပေနှင့် စာအုပ်စာတမ်းများဌာန၊ သုတေသနပြတိုက်၊ သုတေသနဌာနတို့ကို ပူးတွဲကာကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဟူသောအမည်ဖြင့် အစိုးရကတိုးချဲ့ဖွင့်လှစ်ခဲ့သည်။

သာသနာရေးဦးစီးဌာနပိဋကတ်တိုက်

၁၉၇၂ ခုနှစ်တွင် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကို သာသနာရေးဦးစီးဌာနသုတေသနနှင့် ကျွမ်းကျင်မှုဌာနခွဲအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။

ယခုအခါ ဤစာကြည့်ပိဋကတ်တိုက်သည် ဗုဒ္ဓဘာသာအပြင် တိုင်းရင်းသားလုပ်သားပြည်သူများ ယုံကြည်ကိုးကွယ်လျက်ရှိသော မိရိုးဖလာနတ်ကိုးကွယ်မှုဘာသာကိုလည်းကောင်း၊ ခရစ်ယာန်ဘာသာကိုလည်းကောင်း၊ အစ္စလာမ်ဘာသာကိုလည်းကောင်း လေ့လာသုတေသနပြုစုနိုင်သည်။

ပိဋကတ်တိုက်တွင် အင်္ဂလိပ်မြန်မာစာအုပ်ပေါင်း ၂၀၃၇၁ အုပ်၊ အင်္ဂလိပ်မြန်မာစာနယ်ဇင်း ၆၄၀၂ အုပ်၊ ပေပုရပိုက် ကမ္မဝါ စာချုန်တော်နှင့် မင်ကူးကျောက်စာပေါင်း ၁၁၀၈၄ တို့ကို စုဆောင်းထားရှိသည်။

စာအုပ်များမှာ ဘာသာရေး၊ ယဉ်ကျေးမှု၊ အတွေးအခေါ်၊ သမိုင်းနှင့် စာပေဆိုင်ရာစာအုပ်များဖြစ်သည်။

စီစဉ်ထားရှိပုံ

စာအုပ်စာတမ်းများကို တိုက်ပိုင်စာရင်းသွင်းခြင်း၊ ကတ်တလောက်တင်ခြင်း၊ ဘာသာရပ်ခေါင်းစဉ်ပေးခြင်းများ ပြုလုပ်ထားရှိသည်။ လေ့လာသူ သုတေသီတို့ လွယ်ကူစွာရှာဖွေနိုင်ရန် အက္ခရာစဉ်ပြုလုပ်၍ထားရှိသည်။ D.D.C နည်းဖြင့်မျိုးတူပြုသည်။ ကတ်တလောက်များကို A.A.C.R 1 ဖြင့်အသုံးပြုသည်။ စာအုပ်များကိုလည်း ဗုဒ္ဓဘာသာဆိုင်ရာစာပေများ၊ မြန်မာပြည်ဆိုင်ရာစာအုပ်များ၊ ဘာသာရေးစာအုပ်များ စသည်ဖြင့် စာစုစာရင်းများပြုစုထားသည်။ ရှားပါး၍အဖိုးတန်သောစာအုပ်များကို ရွေးချယ်ကာ သီးသန့်ထားရှိကာ ရှားပါးသောစာအုပ်စာတမ်းနှင့် ပေစာဌာနတစ်ခုရှိသည်။

ဆောင်ရွက်ချက်များ

ပိဋကတ်တိုက်မှ စာအုပ်စာတမ်းများဖြင့် ဌာနတွင် သုတေသနလုပ်ငန်းများ၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ အခြားစာပေဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပဆိုင်ရာအဖွဲ့အစည်းများ သုတေသီများကို ကူညီပံ့ပိုးလျက်ရှိကာ ရည်ညွှန်းလုပ်ငန်းကို ဆောင်ရွက်ပေးသည်။

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဂိုဏ်းပေါင်းစုံသံဃာအစည်းအဝေးကြီး၌ ဆရာတော်၊ သံဃာတော်များအလိုရှိသော စာအုပ်စာတမ်းများဖြင့်လည်းကောင်း၊ အချက်အလက်များကို ကူညီရှာဖွေခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

၁၉၈၁ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ပြန်လည်ထုတ်ဝေခဲ့သော သာသနာ့ရောင်ခြည် စာစောင်နှင့် The Light of the Dhamma စာစောင်များ ထုတ်ဝေရန်အတွက် အချက်အလက် အကြောင်းအရာများ ရှာဖွေနိုင်သောစာပေပိဋကတ်တိုက်ကြီးပင်ဖြစ်သည်။

ပိဋကတ်တိုက်တွင် ပိဋကတ်သုံးပုံကို တိုင်းရင်းသားဘာသာစကားများဖြင့် ရေးသားထား သည့် ပိဋကတ်တော်များကို အစုံလင်ဆုံးဖြစ်အောင် စုဆောင်းလျက်ရှိသည်။

ယခုအခါ မြန်မာဘာသာပြန်အပြင် တိုင်းရင်းသားဘာသာစကားဖြစ်သော ရှမ်းဘာသာ၊ မွန် ဘာသာနှင့် ပအိုဝ်ဘာသာဖြင့်ရေးသားထားသည့် ပိဋကတ်တော်များလည်းရှိပါသည်။ နိုင်ငံခြား ဘာသာစကားဖြစ်သော ဒေဝနာဂရီ၊ သီဟိုဠ်ဘာသာ၊ ယိုးဒယားဘာသာ၊ ကမ္ဘောဒီးယားဘာသာ၊ လာအိုဘာသာ၊ တိဘက်ဘာသာ၊ တရုတ်ဘာသာ၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်ဘာသာ တို့ဖြင့် ရေးသား ထားသည့် ပိဋကတ်တော်များကိုလည်း စုဆောင်းထားရှိသည်။

ပေ၊ ပုရပိုက်စာများ

ပုံနှိပ်စာအုပ်များအပြင် ပိဋကတ်တော်မူရင်းများဖြစ်သည့် ပေ၊ ပုရပိုက်၊ လက်ရေးစာများကို လည်း စုဆောင်းထားရှိသည်။ ပေ၊ ပုရပိုက်များသည် ဗုဒ္ဓဘာသာစာပေကိုသာမက မြန်မာစာပေ၊ ဆေး ကျမ်း၊ ဗေဒင်ကျမ်း၊ သမိုင်းစသည့် လောကီပညာရပ်များ၊ ပေ၊ ပုရပိုက်၊ ကမ္မဝါ၊ စာချွန်တော်နှင့် မင်ကူး ကျောက်စာများကိုလည်း စုဆောင်းထားရှိသည်။

စုဆောင်းရရှိသော ပေများမှ ပုံမနှိပ်ရသေးသောစာမူများနှင့် ပုံနှိပ်ပြီးသော်လည်း ရှားပါး၍ အဖိုးတန်ကာ ပုံနှိပ်စာအုပ်ဝယ်ယူရန်မလွယ်သော ပေမူ၊ ပုရပိုက်များကို သီးသန့်ထားရှိပါသည်။ ပုံမနှိပ်ရသေးသော ပေမူများကိုလည်း လက်ရေးဖြင့် ကူး၍ ပြင်ဆင်တည်းဖြတ်ကာ ပုံနှိပ်ထုတ်ဝေရန် စီစဉ်ထားပါသည်။

ကက်တလောက်တင်ပြီးသောပေစာများကို ပိဋကတ်သုံးပုံအလိုက်လည်းကောင်း၊ ဘာသာ ရပ်အလိုက်လည်းကောင်း၊ စာစုစာရင်းပြုစုထားသည်။ ပုရပိုက်များကိုမူ ရေးထားသောအကြောင်း အရာကို ဖတ်ရှု၍ အညွှန်းရေးကာ စာရင်းပြုစုထားသည်။

ပြည်တွင်းသုတေသီများသာမက အမေရိကန်၊ အင်္ဂလိပ်၊ ဂျာမန်၊ ဂျပန်စသော နိုင်ငံခြား သုတေသီများကိုလည်း ကူညီပံ့ပိုးပေးလျက်ရှိသည်။ ဗုဒ္ဓယဉ်ကျေးမှု၊ မြန်မာ့ယဉ်ကျေးမှုတို့ကို လေ့လာ သော နိုင်ငံခြားသုတေသီများသည် ပေစာ၊ ပုရပိုက်စာများကို အလွန်စိတ်ပါဝင်စားကြသည်။

ပိဋကတ်တိုက်ရှိစာအုပ်စာတမ်း၊ ပေစာ၊ ပုရပိုက်စာများသည် သုတေသီများလေ့လာကြည့်ရှု ရန်အတွက်သာဖြစ်သည်။ လေ့လာလိုသူ သုတေသီသည် မိမိလေ့လာလိုသော ဘာသာရပ်ကို ဖော်ပြ

ရ၍ သက်ဆိုင်ရာသို့ တင်ပြကာ ပိဋကတ်တိုက်ရှိ စာအုပ်စာတမ်းများကို လေ့လာအသုံးပြုနိုင်ခွင့် တောင်းရသည်။

စာအုပ်စာတမ်းနှင့် ပေ၊ ပုရပိုက်များကို ပြင်ပသို့ထုတ်မငှားပါ။ သို့သော် သုတေသီများသည် ပိဋကတ်တိုက်သို့ ကြွရောက်၍ လေ့လာဖတ်ရှုသုတေသနပြုနိုင်ကြပါသည်။

ယခုအခါ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သာသနာ့ရောင်ခြည်ပြန့်ပွားရေးပိဋကတ်တိုက်အမည်ဖြင့် စာကြည့်တိုက်ဆိုင်ရာလုပ်ငန်းများကို စနစ်တကျပြုလုပ်လျက်ရှိပါသည်။

ဤစာကြည့်တိုက်သည် အထူးစာကြည့်တိုက်ဖြစ်သည်နှင့်အညီ စာအုပ်များကို ပြင်ပသို့ထုတ် မငှားပါ။ ဌာနဆိုင်ရာများကိုသာ ငှားရမ်းပါသည်။ စာအုပ်စာတမ်းဝယ်ရန်တစ်နှစ်လျှင် ၉၄၀၀ ကျပ်ရရှိ သည်။ သာသနာရေးဦးစီးဌာနမှ ထုတ်သည့် စာအုပ်များကို စာကြည့်တိုက်အတွက် အခမဲ့ရရှိသည်။ စာကြည့်တိုက်ကို ဌာနစုမှူးတစ်ဦး၊ စာကြည့်တိုက်မှူးတစ်ဦး၊ လက်ထောက်စာကြည့်တိုက်မှူးလေးဦး၊ နှင့် အခြားဝန်ထမ်းများဖြင့် စီမံကွပ်ကဲလျက်ရှိပါသည်။ လက်ရှိစာကြည့်တိုက်မှူးသည် ဒေါ်ရင်ရင်မြင့် ဖြစ်သည်။ စာကြည့်တိုက်လက်ထောက် (၁) သည် ဦးလှထွန်းဖြစ်သည်။

ပြည်သူ့စာကြည့်တိုက်

ပြည်သူ့စာကြည့်တိုက်သည် ပြည်သူတို့အတွက် ပညာဗိမာန်ဗဟိုဌာနကြီးတစ်ခုပင်ဖြစ်ပါ သည်။ ပြည်သူလူထုကို ပညာပေးရန်၊ ဗဟုသုတဖြစ်စေရန်၊ အတွေးအခေါ် ရင့်သန်ပြီး ဉာဏ်အမြော် အမြင်ကြီးမားစေရန်၊ စာဖတ်အလေ့အကျင့်ကိုတိုးပွားရန်၊ ယဉ်ကျေးမှု၊ လူမှုရေးသိပ္ပံနှင့် စီးပွားရေးရာ များတွင် အထောက်အကူပေးနိုင်ရန်နှင့် ကျောင်းဆက်လက်မနေနိုင်သူများ၊ တက္ကသိုလ် တက်ရောက် မသင်ကြားနိုင်သူများ ပညာဗဟုသုတဆည်းပူးနိုင်ရန် ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့စာကြည့်တိုက် တွင် တက္ကသိုလ်ပညာရပ်များကိုလည်း လေ့လာဆည်းပူးနိုင်မည်။ သုတေသနလုပ်ငန်းအတွက်လည်း ကိုးကားနိုင်သည်။ အပျင်းပြေဝတ္ထုလည်းဖတ်နိုင်သည်။ ပြည်သူ့စာကြည့်တိုက်များသည် ပြည်သူ လူထုကို အကျိုးပြုရာ၌ အရေးကြီးဆုံးအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ကျောင်းစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်၊ အလုပ်ရုံ၊ စက်ရုံစာကြည့်တိုက်နှင့် အထူးစာကြည့်တိုက်များထက်ပို၍ ပြည်သူလူထုနှင့် အထိအတွေ့များသည်။ ပြည်သူ့စာကြည့်တိုက်များသည် ပြည်သူလူထုကို တိုက်ရိုက် အကျိုးပြုလျက်ရှိသည်။

ပြည်သူ့စာကြည့်တိုက်များတွင် အများပြည်သူတို့အတွက် ဗဟုသုတရရှိမည့် ပညာပေးစာအုပ် များ၊ သုတေသနပြုရာတွင် အထောက်အကူဖြစ်မည့်စာအုပ်စာတမ်းများသာမက အပျော်ဖတ်စာပေ များအတွက် ရည်ရွယ်၍ တည်ထောင်ထားရှိဖြစ်သောကြောင့် ပြည်သူလူထုနှင့် နီးစပ်လျက်ရှိသည့် ရပ်ကွက်များတွင် ဖွင့်လှစ်လေ့ရှိသည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဟူသော ဆောင်ပုဒ်နှင့်အညီ

လူ့မိတ်ဆွေအစစ်များကို ပြည်သူများ အများဆုံးတွေ့ရှိနိုင်သည့် နေရာသည် ပြည်သူ့စာကြည့်တိုက်များပင်ဖြစ်ပါသည်။ ပြည်သူ့စာကြည့်တိုက်များသည် ကလေး၊ လူငယ်၊ လူကြီးမကျန် ကျား၊ မ မရွေး သူတို့၏အချိန်ကို အခွင့်အရေးရရိုက် အကျိုးသက်ရောက်စေရန် အသုံးချခွင့်ပေးရမည်ဖြစ်သည်။ ပြည်သူ့စာကြည့်တိုက်အမျိုးအစားတွင် အစိုးရက ဖွင့်လှစ်သော စာကြည့်တိုက်များသာမက ရပ်ကွက်စာကြည့်တိုက်များ၊ ကျေးရွာ စာကြည့်တိုက်များ ပါဝင်သည်။

ထိုစာကြည့်တိုက်များသည် လုပ်သားပြည်သူများ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု ဗဟုသုတများ တိုးပွားရေး၊ အတွေးအခေါ် မြင့်မားရေးတို့တွင် များစွာအကျိုးပြုပါသည်။ အခြားသောစာကြည့်တိုက်အမျိုးအစားများထက် ပြည်သူ့စာကြည့်တိုက်များသည် ပြည်သူ့အကျိုးကို ပို၍ဆောင်ရွက်နိုင်ပေသည်။

စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်

နောက်ခံသမိုင်း

၁၉၄၇ ခု၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကို ဖွဲ့စည်းခဲ့သည်။ အသင်း၏ရည်ရွယ်ချက်မှာ မြန်မာတိုင်းရင်းသားများ ပညာဗဟုသုတတိုးပွားစေရန် အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ အခြားနိုင်ငံခြားဘာသာများဖြင့်ဖြစ်စေ၊ ပုံနှိပ်ထုတ်ဝေထားသော စာအုပ်စာတမ်းကို မြန်မာဘာသာပြန်ဆိုရန် ပုံနှိပ်ထုတ်ဝေရန်ဖြစ်သည်။ ထို့ပြင် ပြည်သူလူထုအတွက် အကျိုးများစေမည့် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ကိုလည်း ကုန်သည်လမ်း၊ စာပေဗိမာန်ရုံးချုပ်၌ ၁၉၅၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။

စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်၏ ရည်ရွယ်ချက်

(၁) လုပ်သားပြည်သူတို့ ဗဟုသုတဖြစ်စေရန်နှင့် စာဖတ်အလေ့အကျင့်တိုးပွားစေရန်၊

(၂) အတွေးအခေါ် ရင့်သန်လာ၍ ဉာဏ်အမြော်အမြင်ကြီးမားလာစေရန်၊

(၃) နိုင်ငံတော်အစိုးရ၏မူဝါဒနှင့် လုပ်ဆောင်ချက်များကို သိရှိနားလည်သဘောပေါက်စေရန်၊

(၄) ပြည်သူ့ပြည်သားကောင်းများ ပေါ်ထွက်လာစေရန်၊

အထက်ပါရည်ရွယ်ချက်များ ဆောင်ရွက်ရာ၌ အဓိကဖြစ်သော စာအုပ်စာတမ်းများကို အလွယ်တကူငှားရမ်းဖတ်ရှုနိုင်စေရန်တို့ဖြစ်ပါသည်။

စာငှားလုပ်ငန်း

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သည် ရန်ကုန်တိုင်းအတွင်းရှိ ပြည်သူလူထုများကို စည်းမျဉ်းနှင့်အညီ အသင်းဝင်ခွင့်ပြုသည်။ အသင်းဝင်များသည် အခမဲ့ငှားရမ်းခွင့်ရှိသည်။ အသင်းဝင်လိုသူများသည် အာမခံကြေးငွေ ၃၀ ကျပ်နှင့်အတူ ထောက်ခံသူ (၂) ဦးရှိရမည်။ အစိုးရအမှုထမ်းများသည် မိမိ၏အထက်လူကြီးထံမှလည်းကောင်း၊ ကျောင်းသူ ကျောင်းသားများသည် ဆရာ၊ မိဘအုပ်ထိန်းသူထံမှလည်းကောင်း၊ အရပ်သူ အရပ်သားများသည် ရပ်ကွက်လူကြီး (၂) ဦးသို့မဟုတ် အရာရှိ (၂) ဦးထံမှလည်းကောင်း ထောက်ခံစာရယူရမည်။ အသင်းဝင်များသည် တစ်ကြိမ်လျှင် စာအုပ်တစ်အုပ်ကျနှင့် (၇) ရက်ငှားပိုင်ခွင့်ရှိ၏။ ရက်လွန်ကြေးပါမူ ဒဏ်ငွေ ၂၅ ပြားပေးဆောင်ရသည်။ အာမခံကြေးငွေကို အသင်းဝင်ကာလအနည်းဆုံးတစ်နှစ်ကြာ ထုတ်ယူခွင့်ရှိသည်။

စာဖတ်ခန်းလုပ်ငန်း

နေ့စဉ်သတင်းစာများနှင့် မဂ္ဂဇင်းများကို စာဖတ်သူတို့သည် စာဖတ်ခန်းအတွင်း၌ပင် ဖတ်ရှုလေ့လာနိုင်သည်။ မြန်မာနိုင်ငံတွင် ထွက်သမျှသော အင်္ဂလိပ်မြန်မာမဂ္ဂဇင်းများနှင့် နေ့စဉ်သတင်းစာများကို အသင်းဝင်သူရော၊ အသင်းသားမဟုတ်သူများပါ ဖတ်ရှုလေ့လာနိုင်ပါသည်။

ရည်ညွှန်းလုပ်ငန်း

အစိုးရဌာနများ၊ သုတေသနပြုလိုသူများ၊ သိလိုသူများ၊ သိလိုသောအကြောင်းအရာများကို ရှာဖွေဖြေကြားပေးခြင်း၊ စာအုပ်စာတမ်းများစုဆောင်း၍ ကူညီပေးခြင်း စသည့်ရည်ညွှန်းလုပ်ငန်းကို ဆောင်ရွက်ပေးသည်။ ရည်ညွှန်းစာအုပ်များနှင့် ကျောင်းသုံးစာအုပ်များကို အပြင်သို့လုံးဝထုတ်မငှားပါ။

ဘာသာပြန်စာပေ

ကမ္ဘာ့နိုင်ငံအသီးသီးမှ ထုတ်ဝေခဲ့သော ဘာသာပြန်စာအုပ်များစာရင်းကို ကုလသမဂ္ဂပညာသိပ္ပံယဉ်ကျေးမှုအဖွဲ့ အစည်း (UNESCO) မှ Year Book ဟူသောအမည်ဖြင့် ထုတ်ဝေသမျှ ဘာသာပြန်စာအုပ်များ၏အကြောင်း အသေးစိတ်ကို စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်မှ ၁၉၆၂ ခုနှစ်မှစ၍ နှစ်စဉ် UNESCO အဖွဲ့ သို့ပေးပို့လျက်ရှိသည်။

စာကြည့်တိုက်များ တိုးတက်ဖွံ့ဖြိုးရေးနှင့် စနစ်တကျရှိရေး

မြန်မာနိုင်ငံရှိ စာကြည့်တိုက်များတိုးတက်ဖွံ့ဖြိုးရေးနှင့်စနစ်တကျဖြစ်ရန် ရည်ရွယ်ကာ စာကြည့်တိုက်ပညာပြန့်ပွားရေးတို့ကိုစာပေဗိမာန်က ၁၉၅၂ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း စာကြည့်

တိုက်ရက်တိုသင်တန်း ၁၃ ကြိမ်ဖွင့်လှစ်သင်ကြားခဲ့သည်။ ၁၉၆၅–၆၆ ခုနှစ်အတွင်း ပြန်ကြားရေး ဌာနခွဲ လက်ထောက်စာကြည့်တိုက်မှူးများ၏ သင်တန်းကိုဖွင့်လှစ်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ သင်တန်းကာလ ၄ လကြာမြင့်သည့် စာကြည့်တိုက်ပညာသင်တန်းကို ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှစတင်ဖွင့်လှစ်ခဲ့သည်။ ပညာရေးဝန်ကြီးဌာနမှကြီးမှူးဖွင့်လှစ်သော ကျောင်းစာကြည့်တိုက်သင်တန်းများကို ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ပညာမှဆရာ၊ ဆရာမများနှင့်အတူပူးတွဲပို့ချပေးခဲ့သည်။ ဌာနဆိုင်ရာစာကြည့်တိုက်များမှ စာကြည့်တိုက်ပညာလေ့လာဆည်းပူးလိုသူများကို စာတွေ့၊ လက်တွေ့သင်ကြားပေးသည်။ စာကြည့်တိုက်များအတွက် အထောက်အကူရစေရန် စာပေဗိမာန်ထုတ်စာအုပ်များနှင့် အခြေခံကတ်တလောက်စာရွက်များကို ထည့်သွင်းပေးသည်။

စီစဉ်ထားရှိပုံ

စာအုပ်များကို ဒွူဝီဒသမမျိုးတူစုစနစ်ဖြင့် ပြုလုပ်ထားသည်။ ၁၉၆၀ ပြည့်နှစ်မှစ၍ မြန်မာဝတ္ထုစာအုပ်များကို စာဖတ်သူတို့အလွယ်တကူရှာဖွေတွေ့ရှိနိုင်စေရန်အတွက် အချစ်ဝတ္ထု၊ စုံထောက်ဝတ္ထု၊ ဘာသာပြန်ဝတ္ထု၊ ပညာပေးဝတ္ထုဟူ၍ သီးသန့်ဆောင်ထားရှိသည်။

ဥပမာ – အချစ်ဝတ္ထုများကို ခ/၁၊ ခ/၂၊ ခ/၃ စသည်ဖြင့်စီထားသည်။ စာအုပ်များကိုစာရေးဆရာအမည်၊ စာအုပ်အမည်၊ ဘာသာရပ်အမည်တို့ဖြင့် ကတ်တလောက်ပြုထားသည်။

၁၉ ရာစုနောက်ပိုင်းထုတ်ဝေခဲ့သော အလွန်ရှားပါးသည့် မြန်မာပြဇာတ်များ၊ ဝတ္ထုများ၊ ဟောစာများနှင့် အခြားမြန်မာစာအုပ်များကို လန်ဒန်မြို့ရှိ ဗြိတိသျှပြတိုက်မှ မိုက်ခရိုဖလင်ကူးယူခဲ့သည်။ စစ်ကြိုခေတ်ကထုတ်ဝေခဲ့သော မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ် (JRRS) ကိုလည်းစတင်ထုတ်ဝေခဲ့သော ၁၉၁၁ ခုနှစ်၊ အတွဲ–၁၊ အပိုင်း–၁ မှစ၍ ၁၉၃၈ ခုနှစ်၊ အတွဲ ၃၁၊ အပိုင်း –၃အထိ မိုက်ခရိုဖလင်ကူးယူထားသည်။ ထိုစာအုပ်များထဲမှရွေးချယ်၍ ဓာတ်ပုံကော်ပီယာကူးယူကာ သုတေသီ တို့အား လေ့လာခွင့်ပေးပါသည်။

စာကြည့်တိုက်ဝန်ထမ်း

စာပေဗိမာန်စာကြည့်တိုက်သည် ညွှန်ကြားရေးမှူးနှင့် စာကြည့်တိုက်ကော်မတီတို့၏ အကြံပေးညွှန်ကြားချက်အတိုင်း စာကြည့်တိုက်မှူးကကြီးကြပ်အုပ်ချုပ်သည်။ စာကြည့်တိုက်ပညာဒီပလိုမာဘွဲ့ရသူများနှင့် လက်ထောက်စာကြည့်တိုက်မှူးတို့အပြင် စာကြည့်တိုက်လက်ထောက် (၂) ယောက်၊ အောက်တန်းစာရေး (၄) ယောက်၊ ရုံးအကူ (၉) ယောက်၊ စုစုပေါင်း (၁၇) ဦးရှိသည်။

စာကြည့်တိုက်ဆိုရာဝယ်

မြန်မာပြည်တွင် ပုဂံခေတ်မှအစပြု၍ စာကြည့်တိုက်အလှူ၊ ပိဋကတ်အလှူတို့ကို လှူဒါန်းခဲ့ကြသည်။ နောက်ပိုင်းခေတ်အဆက်ဆက် လှူဒါန်းခဲ့ကြသည်။ တည်ဆောက်ခဲ့ကြသည်။ သို့ရာတွင် ကြာရှည်တည်တံ့မှုမရှိသည်ကို တွေ့ရှိရသည်။ စာကြည့်တိုက်များ အဘယ်ကြောင့် ကြာရှည်မခံဘဲ ပျောက်ပျက်သွားခြင်းကို လေ့လာကြည့်လျှင် ထိန်းသိမ်းမှုလျော့ရဲခြင်းကြောင့် ဖြစ်မည်ထင်သည်။ စာကြည့်တိုက်များသည် အသိပညာကိုလည်းပေးလှူသည်။ လူမျိုးတစ်မျိုး၏အဆင့်အတန်းမြင့်မှု၊ အဆင့်အတန်းနိမ့်မှုသည် စာကြည့်တိုက်နှင့် ဆိုင်လျက်ရှိသည်။ ယခုခေတ်တွင် စာကြည့်တိုက်စကားကို အပြောများလာသည်။ စာကြည့်တိုက်အမျိုးမျိုးရှိသည့်အနက် အဓိကသုံးမျိုးရှိသည်ကို တွေ့ရှိရသည်။ ဥပမာ အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတော်နှင့်ဆိုင်သည်။ တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၏အခြေအနေအဆင့်အတန်းကို သိလိုပါက အမျိုးသားစာကြည့်တိုက်ကို လေ့လာရမည်ဟု ဆိုလိုပါသည်။ စာကြည့်တိုက်အဆင့်အတန်းမြင့်ရင်၊ စာကြည့်တိုက်တွင် လိုတာရရင်၊ ပညာရှင်များ သုံးနိုင်ရင် လူမျိုးနှင့် တိုင်းပြည်တိုးတက်သည်ဟုဆိုပါသည်။

နောက်တစ်မျိုးသည် ပြည်သူ့စာကြည့်တိုက်ဖြစ်သည်။ မြန်မာပြည်တွင် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်များသည် ထင်ရှားပါသည်။ ပြည်သူအားလုံးအတွက် ရည်ရွယ်လျက် ပြည်သူအားလုံး ပညာရှာမှီးဖွင့်လှစ်ထားသည့် စာကြည့်တိုက်ကို ကြည့်ခြင်းအားဖြင့် တိုင်းပြည်ရှိလူမျိုးများ၏ အခြေအနေအဆင့်အတန်းအသိပညာဘက်မှာ၊ အတတ်ပညာဘက်မှာ အကဲခတ်၍ရသည်ဟုဆိုပါသည်။

နောက်တစ်မျိုးမှာ တက္ကသိုလ်ကောလိပ်ကျောင်းစာကြည့်တိုက်မျိုးဖြစ်သည်။ သင်ကြားရေး အထောက်အကူပြုစာအုပ်များ၊ ဆရာ၊ ဆရာမများအတွက် ရည်ညွှန်းကိုးကားနိုင်သည့်စာအုပ်များ ထားရှိပါသည်။ တက္ကသိုလ်တစ်ခု၊ ကောလိပ်တစ်ခုသည် ကျောင်းသူ၊ ကျောင်းသားများ၏ ဒီဂရီ၊ အဆင့်အတန်းမြင့်မားမှုနှင့် အရည်အချင်းများကို တက္ကသိုလ်ကောလိပ်စာကြည့်တိုက်များအား ကြည့်ရှုခြင်းအားဖြင့် တန်ဖိုးဖြတ်နိုင်သည်ဟု ဆိုပါသည်။

သည့်နောက်ပိုင်းတွင် အထူးစာကြည့်တိုက်များပေါ် ပေါက်လာသည်ကို တွေ့ရပါသည်။ ဥပမာ – ဗုဒ္ဓတက္ကသိုလ်စာကြည့်တိုက်သည် ဗုဒ္ဓကျမ်းစာများကိုသာ သီးခြားထားရှိပြီး ဗုဒ္ဓစာပေကို လေ့လာဆည်းပူးသည့် သံဃာတော်များ၊ လူပုဂ္ဂိုလ်များအတွက် အသုံးပြုနိုင်သည့် စာကြည့်တိုက်မျိုး ဖြစ်သည်။ သုတေသနဦးစီးဌာနကဲ့သို့ ဆေးပညာရပ်ဆိုင်ရာပညာရပ်များကိုသာ သုတေသနပြု လေ့လာဖို့အတွက် ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်မျိုးဖြစ်သည်။ ထိုစာကြည့်တိုက်မျိုးတို့သည်လည်း ဆိုင်ရာပညာရပ်နှင့်ပတ်သက်၍ အဆင့်အတန်းမြင့် မမြင့်၊ လုပ်ငန်းအဆင်ပြေမပြေကို သိလိုပါက စာကြည့်တိုက်အတွင်းရှိ စာအုပ်များ လွယ်ကူမှုရှိမရှိ အကဲခတ်ခြင်းဖြင့် သိသာနိုင်ပေသည်။

စာကြည့်တိုက်အလှူ၊ ပိဋကတ်အလှူအမြောက်အမြားရှိပါသည်။ သထုံမြို့မြသပိတ်ခြေရင်းရှိ ဦးဖိုးသီးပိဋကတ်တိုက်သည် ဗုဒ္ဓစာပေများကို ပေ၊ ပုရပိုက်များဖြင့် ကိုယ်တိုင်ရေးကူးကာ ငွေကြေး မြောက်မြားစွာ အကုန်ခံ၍ ဆောက်လုပ်ထားရှိသည်။ သို့ရာတွင် ကျွမ်းကျင်သည့်စာကြည့်တိုက်မှူးမရှိ ၍ Paralysis ပါရာလိုက်စ်အကြောသေသည့်အခြေအနေကို ရောက်ရှိနေသည်ကိုတွေ့ရပါသည်။ မြန်မာလူမျိုးတို့သည် စာကြည့်တိုက်အုပ်ချုပ်သည့်ပညာပိုင်း၌ အားနည်းလျက်ရှိသည်။ မြန်မာလူမျိုး ထဲမှ ပထမဦးဆုံးသိရှိ နားလည်ခဲ့သူမှာ လက်ဝဲနော်ရထာဖြစ်မည်ဟုယူဆနိုင်ပါသည်။ အလောင်းမင်း တရားလက်ထက် အမတ်တစ်ဦးဖြစ်သည်။ လက်ဝဲသုန္ဒရဟုလည်း အမည်တွင်ပါသည်။ သူသည် စာတွေကို အများကြီး စုခဲ့သည်။ တောင်ငူဆိုရတုအစရှိသော စာအားလုံးကို စုဆောင်းထိန်းသိမ်းခဲ့ သည်။ ပထမဦးဆုံး စာကြည့်တိုက်မှူးသို့မဟုတ် စာကြည့်တိုက်ပညာကိုသင်သည့်စာကြည့်တိုက်မျိုး မဟုတ်သော်လည်း ကိုယ်တိုင်စာကြည့်တိုက်ပညာရပ်ကို နားလည်ပြီး ကိုယ်တိုင်စုခဲ့သည့် ပုဂ္ဂိုလ် အဖြစ်ယူဆနိုင်ပါသည်။

ဒုတိယနာမည်ကြီးသည့် ပုဂ္ဂိုလ်မှာ ပိဋကတ်တော် သမိုင်းကိုပြုစုခဲ့သည့် ဦးရမ်ပင်ဖြစ်ပါ သည်။ ခေတ်အခေါ် အားဖြင့် စာစုစာရင်း၊ မြန်မာပြည်ရှိစာပေမျိုးစုံ၊ စာရေးဆရာမျိုးစုံ ဘယ်စာပေကို ဘယ်နှစ်ခုနှစ်က ရေးသည်အစရှိသဖြင့် ပြုစုခဲ့သူပင်ဖြစ်သည်။ သူသည် ဒုတိယ ပထမဦးဆုံးစနစ် တကျပြုစုခဲ့သည့်ပုဂ္ဂိုလ်ပင်ဖြစ်ပါသည်။

စာကြည့်တိုက်များ၊ အဆောက်အဦများပျောက်ပျက်သွားရခြင်းသည် စာကြည့်တိုက်မှူးမရှိ၍ သို့မဟုတ် ထိန်းသိမ်းမှုနည်းပညာညံ့၍ပင် ဖြစ်သည်ဟုဆိုသော် ငြင်းနိုင်မည်မထင်ပါ။ စာကြည့်တိုက် မှာ စာအုပ်တွေပြည့်စုံပြီ။ ပရိဘောဂတွေလည်း ပြည့်စုံပြီ ဖြစ်လင့်ကစား ထိန်းသိမ်းသူမရှိလျှင် စာကြည့်တိုက်ပညာမတတ်ကျွမ်းလျှင် ပျက်စီးသွားနိုင်ဖို့များပါသည်။

ယခုအခါ စာကြည့်တိုက်ပညာရပ်ကို အလေးထား၍ သင်ကြားခဲ့သူများလည်းရှိလျက် နိုင်ငံ ခြားစာကြည့်တိုက်ပညာရှင်များရှိလျက် စာကြည့်တိုက်များပျက်စီးပျောက်ပျက်သွားရသည့်ကိစ္စရပ် မျိုးအဖြစ် မသင့်တော်ဟုထင်မြင်မိပါသည်။